# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁၀ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရတနာ-ရန်ကုန် (၂၄)လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း အောင်မြင်စွာဆက်သွယ်ပြီးစီး

## ရတနာဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့အား ကမ်းလွန်ပိုက်လိုင်းသစ်အတွင်းသို့ စတင်ပို့လွှတ်



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ မုတ္တမကမ်းလွန်ပင်လယ်ပြင် ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး Platform ပေါ်ရှိ သဘာဝဓာတ်ငွေ့စတင်ပို့လွှတ်မည့် ဓာတ်ငွေ့ဖွင့် valve လက်ကိုင်ဘီးလှည့်ပြီး ရတနာဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့အား (၂၄)လက်မ ရတနာ-ရန်ကုန် ကမ်းလွန်ပိုက်လိုင်းသစ်အတွင်းသို့ စတင်ပို့လွှတ်ပေးနေစဉ်။ (စွမ်းအင်)

**နေပြည်တော် ဇွန် ၉**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ရက် နံနက်ပိုင်းတွင် မုတ္တမကမ်းလွန် ပင်လယ်ပြင်ရှိ ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး Platform ၌ ကျင်းပသည့် ရတနာ-ရန်ကုန် (၂၄)လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

**ကြိုးပမ်းအားထုတ်**

ရှေးဦးစွာ ဝန်ကြီးအား Platform ပေါ်ရှိ အစည်းအဝေးခန်းမ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Total E&P Myanmar ကုမ္ပဏီမှ တာဝန်ရှိသူတို့က ရတနာ-ရန်ကုန် (၂၄)လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း အောင်မြင်စွာ ဆက်သွယ်ပြီးစီးမှု အခြေအနေနှင့် ရတနာသဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ပို့လွှတ်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ယခု (၂၄)လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြီးကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးသွားသည်မှာ ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့ ပူးပေါင်း၍ ဝိုင်းဝန်းညီညွတ်စွာ ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်ကြောင်း၊ ယခု ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်သည့် (၂၄)လက်မ ကမ်းလွန်ပိုက်လိုင်းသစ်ထဲသို့ ရတနာဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့များ ပို့လွှတ်မည့် လုပ်ငန်းစဉ်များကိုလည်း အစီအစဉ်တကျဖြင့် ဆောင်ရွက်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

**ရတနာသဘာဝဓာတ်ငွေ့မြေ**

မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာသဘာဝဓာတ်ငွေ့မြေ။ (စွမ်းအင်)



**(၂၄)လက်မ ပိုက်လိုင်းသစ်မှတစ်ဆင့် ရန်ကုန်မြို့ရှိ ကမ်းလွန် သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာ ဖြန့်ဖြူးရေးစခန်း(ရွာမ)သို့ ယခုရက်ပိုင်းအတွင်း သဘာဝဓာတ်ငွေ့များ စတင်ရောက်ရှိလာတော့မည်။**

10-6 (01).pmd 1 6/10/2010, 1:48 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၁၀ ရက်)

# အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲမှသည် မြန်မာ–ဗီယက်နမ် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပသည့် ၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဇွန်လ ၆ရက်နေ့ကတက်ရောက်ခဲ့ပြီး ယင်းနေ့၌ပင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung အား ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel ရှိ အခန်းအမှတ် (၂၀၁၀)သို့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက "အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့ မဲခေါင်ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ အဆွေတော်ဝန်ကြီးချုပ်လည်း ပါဝင်တက်ရောက်မှုကြောင့် မိမိတို့စီးပွားရေးဖိုရမ်အောင်မြင်ရေးအတွက် အထောက်အကူပြုစေသည့်အပြင် ပိုမိုအဓိပ္ပာယ်ရှိသည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်စေခဲ့ပါကြောင်း" ပြောကြားခဲ့ပေသည်။ ထို့ပြင် "မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် အဆင့်(၇)ဆင့်ပါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အောင်မြင်စေရေးအတွက် ဆုမွန်ကောင်းများတောင်းပေးကြောင်း" ပြောကြားခဲ့သည်။

မြန်မာနှင့် ဗီယက်နမ်တို့မှာ ချစ်ကြည်ရင်းနှီးသည့်နိုင်ငံဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသတွင်း မျက်နှာစာများတွင် အပြန်အလှန် ကူညီထောက်ခံမှုများ ပေးလျက်ရှိသည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အထူးတိုးတက်ကောင်းမွန်လျက်ရှိပေသည်။

နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နယ်ပယ် ၁၂ ခုကို ရွေးချယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ရရှိလာရန် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးများကို ဒေသတွင်းအဖွဲ့အစည်းများတွင်သာမက နိုင်ငံတကာမျက်နှာစာတွင်ပါ ပြုလုပ်လျက်ရှိရာ အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲသည် မဲခေါင်ဒေသတွင်းနိုင်ငံများအတွက် ရလဒ်ကောင်းများ ဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရောဝတီတိုင်းရှိ ရာဇူဒိုင်တံတား အမှတ်(၁)

# အပြီးသတ် သံပေါင် ရွေ့မူလီတပ်ဆင်

နေပြည်တော် ဇွန် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသော ဧရာဝတီတိုင်း မအူပင်–ရေလဲကလေး–ရွှေတောင်မော်–ကျိုက်ပိ–မော်လမြိုင်ကျွန်းလမ်းပေါ်ရှိ ရာဇူဒိုင်တံတားအမှတ်(၁) အပြီးသတ် သံပေါင်ရွေ့မူလီတပ်ဆင်ခြင်း အခမ်းအနားကို ဇွန် ၇ရက် နံနက် ၁၀နာရီခွဲက အဆိုပါတံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရာဇူဒိုင်တံတား အမှတ်(၁)တွင် အပြီးသတ် သံပေါင် ရွေ့မူလီများကို တပ်ဆင်ပေးစဉ်။

(ဆောက်လုပ်ရေး)

### တပ်ဆင်ပေး

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့က ရာဇူဒိုင်တံတားအမှတ်(၁)တွင် အပြီးသတ် သံပေါင်ရွေ့မူလီများကို တပ်ဆင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### မှာကြား

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တံတားပေါ်မှ ဖြတ်သန်း၍ တံတားကြမ်းခင်းများ ခင်းပြီးမှုနှင့် တံတားလက်ရန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရာဇူဒိုင်တံတား အမှတ်(၁)မှာ ယာဉ်တစ်လမ်းသွား သံမဏိသံပေါင် အခန်းငါးခန်းပါရှိ၍ တံတားအရှည် ၁၉၅၅ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ပေ ၂၀ လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

### ဆက်သွယ်သွားလာနိုင်

ယခုအခါ ရာဇူဒိုင်တံတား အမှတ်(၁)တွင် သံပေါင် ငါးခန်းပါရှိသည့်အနက် အပြီးသတ် သံပေါင်တပ်ဆင်ပြီးဖြစ်၍ ကျန်ရှိသည့်တံတားဆက်စပ်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် နေ့၊ ညမပြတ် ဆောင်ရွက်လျက်ရှိပြီး ရာဇူဒိုင်တံတား အမှတ်(၁) ပြီးစီးသွားပါက ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ မအူပင်–ရေလဲကလေး–ရွှေတောင်မော်–ကျိုက်ပိ–မော်လမြိုင်ကျွန်းလမ်းမှတစ်ဆင့် အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၁၀ (ကြာသပတေးနေ့ )

နံနက်ပိုင်း

| | |
|---|---|
| ၅:၀၀ | MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဇဗ္ဗသုတ်၊ |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **စိတ်တေလေ** တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၂) |
| ၈:၃၀ | Sports World (Red Bull Fighters) |
| ၈:၅၅ | မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲ |
| ၉:၂၀ | ဂီတသံစဉ်များနှင့်မိုးယံည |
| ၉:၃၅ | ဟိုတယ်လမ်းညွှန် (Nature Land Hotel) |
| ၁၀:၂၀ | လုပသောအသားအရေတို့၏ လျှို့ဝှက်ချက် |
| ၁၀:၃၅ | ဈေးဝယ်လမ်းညွှန် (D Day Fashion Shop) |
| ၁၀:၅၅ | မြို့ကျောက်ဆည်၏ အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ) |
| ၁၁:၀၅ | MNL ပြိုင်ပွဲ၏ အားသစ်များ (မနော်မြေ F.C) |
| ၁၁:၂၅ | ကျန်းမာရေးကဏ္ဍ (ကာဗွန်မိုနောက်ဆိုဒ်အဆိပ်သင့်မှုအန္တရာယ်) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်း) |
| ၁၁:၅၅ | ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-ချစ်သုဝေ) |
| ၁၂:၂၀ | မြတ်ဆရာသို့...ဆယ်ဖြာလက်စုံ |
| ၁၂:၃၀ | ရန်ကုန်မြင်ကွင်းကျယ် (ထန်းတပင်မြို့ ဇီဝိတဒါန သွေးလှူဒါန်းပွဲ) |
| ၁၂:၄၀ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား) |
| ၁၂:၅၀ | အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နှီးဘုရား |
| ၁:၀၀ | **စိတ်တေလေ** တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | Fashion Music Festival (Hip Hop Beach 2) |
| ၃:၁၅ | လုပသောအသားအရေတို့၏ လျှို့ဝှက်ချက် |
| ၃:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၂) |
| ၄:၀၅ | ဂီတသံစဉ်များနှင့်မိုးယံည |
| ၄:၂၀ | ကော့ကရိတ်မြို့မှ စက္ကူဒါနအောင်ပွဲ |
| ၄:၄၅ | မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲ |
| ၅:၁၀ | Road To Highest Competition (Netherland) |
| ၅:၃၀ | အနုပညာမိုးကောင်းကင် |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း) |
| ၆:၄၅ | MNL ပြိုင်ပွဲ၏ အားသစ်များ (မနော်မြေ F.C) |
| ၇:၀၀ | Fashion Music Festival (Hip Hop Beach 2) |
| ၇:၂၅ | ရန်ကုန်မြင်ကွင်းကျယ် (ထန်းတပင်မြို့ ဇီဝိတဒါန သွေးလှူဒါန်းပွဲ) |
| ၇:၃၅ | ဈေးဝယ်လမ်းညွှန် (D Day Fashion Shop) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | ဟိုတယ်လမ်းညွှန် (Nature Land Hotel) |
| ၉:၁၅ | မေတ္တာရွှေစင်အငြိမ့် |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၂) |
| ၁၀:၀၀ | အေးချမ်းသောအလှ၊ စွဲမက်ဖွယ် မြင်ကွင်းများနှင့် ရေခဲတောင်မြေ |
| ၁၀:၃၅ | အနုပညာမိုးကောင်းကင် |
| ၁၁:၀၀ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း) |
| ၁၁:၂၅ | မြတ်ဆရာသို့...ဆယ်ဖြာလက်စုံ |
| ၁၁:၃၅ | မြန်မာ့ခြင်းလုံး |
| ၁၁:၄၅ | စလင်းရေလှောင်တမံ |
| ၁၁:၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



ဇွန် ၇ရက်က ညောင်ဦးမြို့နယ် စိုးစံပြည်သူ့စာကြည့်တိုက်အတွက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းက ပေးပို့လှူဒါန်းသည့် စာအုပ် စာစောင်များကို ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ပေးအပ်လှူဒါန်းရာ စိုးစံပြည်သူ့စာကြည့်တိုက်ကော်မတီဝင် ဦးဇော်ဝင်းချိုက လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် ဖန်းမော်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံ

*ဖန်းမော် ဇွန် ၉*

*ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအင်ဇော်နော်သည် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ အတွင်းရေးမှူး ဦးကံဝင်းတို့နှင့်အတူ ဖန်းမော်ခရိုင်သို့ရောက်ရှိပြီး မေ ၂၄ရက် နံနက် ၈နာရီက ခရိုင်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ဖန်းမော်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအေးနိုင်က ခရိုင်အတွင်း ဆောင်ရွက်ထားရှိသည့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှု၊ မဲဆန္ဒရှင်စာရင်း ပြုစုထားရှိမှု၊ မဲဆန္ဒနယ်သတ်မှတ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။*

### *ရှင်းလင်းဆွေးနွေး*

*ဆက်လက်၍ ဖန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကျင်းပရာ အဆိုပါ သင်တန်းတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ အတွင်းရေးမှူး ဦးကံဝင်းတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။*

*ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်သည် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် အတူ မဲရုံဆောက်လုပ်မည့်နေရာများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။* *(ခရိုင် ပြန်/ဆက်)*

● ရှေ့ဖုံးမှ

### စတင်ပို့လွှတ်

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ရတနာ Platform ပေါ်ရှိ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်မည့် ဓာတ်ငွေ့ဖွင့် Valve ရှေ့တွင်နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည့် နံနက် ၉နာရီတွင် ဝန်ကြီးက Valve လက်ကိုင်ဘီးကိုလှည့်ကာ ရတနာဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့အား (၂၄)လက်မ ရတနာ-ရန်ကုန် ကမ်းလွန်ပိုက်လိုင်းသစ်အတွင်းသို့ စတင်ပို့လွှတ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် Platform ပေါ်ရှိ Gas Flow ကို ထိန်းချုပ်ပို့လွှတ်သည့် Globe Valve နှင့် Gas Metering ပစ္စည်းများ တပ်ဆင်ပြီးစီး၍ တိုင်းတာနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### အထူးဂရုပြု

ဆက်လက်၍ ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့နယ် ဒေါ်ညိမ်းကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသော (၂၄)လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ Pipe Line Center စခန်း(ဒေါ်ညိမ်း)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက Pipe Line Center (ဒေါ်ညိမ်း)စခန်း တည်ဆောက်တပ်ဆင်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ယခု (၂၄)လက်မ ပိုက်လိုင်းသစ်မှတစ်ဆင့် ရတနာကမ်းလွန်မှ ပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့အား ကုန်းတွင်းပိုက်လိုင်း စတင်သော Pipe Line Center မှ စနစ်တကျလက်ခံထိန်းချုပ်ပြီး နည်းစဉ်များအတိုင်း ရန်ကုန်မြို့ရှိ Gas Distribution Station (ရွာမ)စခန်းသို့ ဓာတ်ငွေ့များကို ဆက်လက်ပို့လွှတ်သွားနိုင်ရေး အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် Pipe Line Center စခန်းအတွင်းရှိ သဘာဝဓာတ်ငွေ့ထိန်းချုပ် တိုင်းတာဖြန့်ဖြူးရေး ဆောင်ရွက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များ မှာကြားသည်။

### တိုးမြှင့်ဖြန့်ဖြူး

တိုးတက်များပြားလာသော ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မုတ္တမကမ်းလွန်ရှိ ရတနာသဘာဝဓာတ်ငွေ့မြေမှ ရန်ကုန်မြို့ Gas Distribution Station (ရွာမ)စခန်းအထိ (၂၄)လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှု လုပ်ငန်းများကို ကုန်းတွင်းပိုင်း ပိုက်လိုင်းအရှည် ၈၅ဒသမ၄၃မိုင်နှင့် ကမ်းလွန်ပိုင်း အရှည် ၉၄ဒသမ၅၂မိုင် စုစုပေါင်းအရှည် ၁၇၉ဒသမ၉၅မိုင် ဆက်သွယ်ခင်းကျင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ သတ်မှတ်ကာလအတွင်း ပိုက်လိုင်းဆက်သွယ်ခြင်းနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ပို့လွှတ်မှု နည်းစဉ်အတိုင်း စမ်းသပ်မှုများအားလုံး ပြီးစီးအောင်မြင်ပြီဖြစ်သဖြင့် ဇွန် ၈ရက် နံနက်ပိုင်းမှစတင်၍ ရတနာသဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့စတင်ပို့လွှတ်လျက်ရှိရာ (၂၄)လက်မ ပိုက်လိုင်းသစ်မှတစ်ဆင့် ရန်ကုန်မြို့ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း (ရွာမ)သို့ ယခုရက်ပိုင်းအတွင်း သဘာဝဓာတ်ငွေ့များ စတင်ရောက်ရှိလာတော့မည်ဖြစ်ပြီး အဆိုပါစခန်းမှတစ်ဆင့် ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကမ်းလွန် သဘာဝဓာတ်ငွေ့

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ဖျာပုံခရိုင် အမာမြို့နယ်ရှိ ဒေါ်ညိမ်းကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသော (၂၄)လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ Pipe Line Center စခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)

# အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်းကြီး အရှိန်အဟုန်မြင့်မားလာအောင် ပူးပေါင်းပါဝင်ဆောင်ရွက်

## သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေးအသင်းများ နိုင်ငံအနှံ့ ဖွဲ့စည်းထူထောင်နိုင်အောင် အားထုတ်ကူညီပေး

နေပြည်တော် ဇွန် ၉

**ကိုရီးယား-အာဆီယံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး တတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပရာ ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

### တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဝိုင်းဝန်းကြိုးပမ်း

ရှေးဦးစွာ ဝန်ကြီး ဦးမောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားရာ၌ သက်ကြီးရွယ်အို ဘိုးဘွားမိဘများအပေါ် စာနာဆပ္ပားတန်ဖိုးထားပြီး ပြုစုစောင့်ရှောက်တတ်သည့် မြန်မာတို့၏ဓလေ့စရိုက် အစဉ်အလာကို ပျက်ယွင်းမသွားအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရေး၊ ဘိုးဘွားမိဘများနှင့်အတူ လက်ရည်တစ်ပြင်တည်း စုစည်းနေထိုင်သည့် Extended Family System ကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရေး၊ တည်ဆောက်ပြီး တည်ဆောက်ဆဲ ဘိုးဘွားရိပ်သာများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ဆောင်ရွက်နေသော အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စီမံကိန်းကြီး အရှိန်အဟုန် မြင့်မားလာအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေးအသင်းများ မြန်မာနိုင်ငံအနှံ့အပြား၌ ဖွဲ့စည်းထူထောင်နိုင်အောင် အားထုတ်ကူညီ ပေးကြရေးနှင့် ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးကြရေးတို့ကို အကျယ်တဝင့် ပြောကြားသည်။



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ခင်းကျင်းပြသထားသည့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ထို့နောက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုလေ့လာ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက ASEAN Strategic Frame Work ရေးဆွဲရာ၌ အထောက်အကူပြု အချက်အလက်များရရှိနိုင်ရန် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အစိုးရ၊ လူမှုရေးအသင်းအဖွဲ့နှင့် ပြည်သူလူထု တစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ ဆောင်ရွက်နိုင်ရန် ဟူသော ရည်ရွယ်ချက်များနှင့်အညီ ဝိုင်းဝန်းဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃၇၂ ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)**
**၁၀-၆-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ **ဒီအိုတီအက်စ်**
- ၈:၃၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် **(Delta United F.C နှင့် Southern Myanmar F.C)**
- ၅:၀၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၃၀ ၅။ ရင်ခုန်စောင့်စား ကမ္ဘာ့ဖလား **(အုပ်စု H)**
- ၅:၄၅ ၆။ တေးဂီတအစီအစဉ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ပျော်ရွှင်စေသော နေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၀) ငြိမ်းချမ်း၊သူရလင်း၊စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပွဲဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၈)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ စည်းလုံးတဲ့မြေ စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည် (မအူပင်)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၂၂)
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၅၀)
- ၁၈။ အစီအစဉ်ပြီး၏။

**ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)



# အီရတ်-အာဖဂန် သတင်းများ



အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်မြို့၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပေါက်ကွဲမီးလောင်နေသည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

## အာဖဂန် ငြိမ်းချမ်းရေး ကမ်းလှမ်းမှု အမေရိကန်ကြိုဆို

ကဘူးလ် ဇွန် ၉

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် လက်ရှိထိန်းသိမ်းထားသည့် တာလီဘန်စစ်သွေးကြွများ၏ အမှုကိစ္စအားလုံးကို ပြန်လည်သုံးသပ်ရန် အမိန့်ထုတ်ပြန်လိုက်သည်ဟု ဇွန်၇ရက်တွင် ဆင်ဟွာသတင်း၌ ဖော်ပြသည်။

**ဖော်ပြ**

သောင်းကျန်းသူများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းသည့် အာဖဂန်ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာချက်ကို အာဖဂန်ဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ကြိုဆိုစဉ် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အထက်ပါအတိုင်း အမိန့်ထုတ်လိုက်ခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။

**အရေးပါ**

အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးညီလာခံကို ဇွန်၂ရက်မှ ၄ရက်အထိ ကျင်းပခဲ့ပြီး အာဖဂန်အစိုးရနှင့် တာလီဘန်စစ်သွေးကြွများအကြား မျက်နှာစုံညီဆွေးနွေးရေးသည် အရေးပါသည့်ညီလာခံ၏ ရလဒ်တစ်ခုဖြစ်သည်ဟုဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## အာဖဂန်နစ္စတန်၌ ကန်ဦးဆောင်တပ်ဖွဲ့ဝင် ၁၀ဦးသေဆုံး

ကဘူးလ် ဇွန် ၉

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံတွင် ထိခိုက်ဆုံးရှုံးမှု ကိန်းကဏန်းသစ်များ ထုတ်ပြန်ခဲ့ရာ သီးခြားဖြစ်ရပ်များအတွင်း ၎င်း၏ တပ်ဖွဲ့ဝင် ၁၀ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြောကြားသည်။

**ပြောကြား**

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ဇွန်၇ရက်က ဗုံးပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင် ငါးဦးသေဆုံးကြောင်း နိုင်ငံတကာလုံခြုံရေး အကူအညီပေးတပ်ဖွဲ့(အိုင်ဆက်)၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖဂန်အရှေ့ပိုင်းတွင် လက်နက်ငယ်ဖြင့် ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးလမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် သေဆုံးခဲ့သည်ဟု အိုင်ဆက်က ပြောကြားသည်။

အာဖဂန်တောင်ပိုင်းတွင် ပစ်ခတ်မှုနှင့် ဗုံးဖောက်ခွဲမှုကြောင့် တပ်ဖွဲ့ဝင်သုံးဦးထက်မနည်း သေဆုံးခဲ့သည်ဟု နေတိုးကြေညာချက်တွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာ အတိအကျနှင့် သေဆုံးသည့်တပ်ဖွဲ့ဝင်မှာ မည်သည့်နိုင်ငံသားဖြစ်သည်ကို ထုတ်ဖော်ခြင်းမရှိပေ။ **(အင်တာနက်)**

## ဘဂ္ဂဒက်၌ ဆက်တိုက်ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ငါးဦးသေဆုံး၊ လူ၃၀ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၉

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် အနီးတစ်ဝိုက်၌ ဇွန်၅ရက် နံနက်ပိုင်းက ဗုံးများဆက်တိုက်ပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇွန်၆ရက်၌ ထုတ်ဖော်ပြောကြားသည်။**

ဘဂ္ဂဒက်မြို့ အနောက်ဘက် အဘူဂါရစ်ဒေသရှိ ကျေးရွာအတွင်း ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိသည်။ သီးခြားဖြစ်စဉ်အနေဖြင့် မာမိုဒီရာမြို့နယ်ခန်းမအတွင်း လက်လုပ်ဗုံးပေါက်ကွဲသဖြင့် မြို့နယ်ကောင်စီ အကြီးအကဲတစ်ဦးအပါအဝင် အစိုးရဝန်ထမ်းရှစ်ဦး ဒဏ်ရာရရှိသည်။

**ဒဏ်ရာရရှိ**

ယင်းနေ့မှာပင် ဘဂ္ဂဒက်မြို့တရားရုံးတစ်ရုံးမှ အကြီးအကဲ၏ ယာဉ်တန်းကို လမ်းဘေးဗုံးဖြင့် တိုက်ခိုက်သဖြင့် ၎င်း၏ သက်တော်စောင့်နှစ်ဦး ဒဏ်ရာရရှိပြီး မော်တော်ယာဉ်တစ်စီး ပျက်စီးသွားသည်။ တစ်ဆက်တည်းမှာပင် ဘဂ္ဂဒက်မြို့ အလယ်ပိုင်း၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီး လက်ပစ်ဗုံးထိမှန်သဖြင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိသည်။

ထို့ပြင် ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းရှိ စစ်ဆေးရေးဂိတ်၌ အသေခံကားဗုံးဖြင့် တိုက်ခိုက်ခံရသဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ပါကစ္စတန်၌ စစ်သွေးကြွအုပ်စုချင်း တိုက်ခိုက်မှုဖြစ်ပွား

အစ္စလမ္မာဘတ် ဇွန် ၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာခရိုင် လန်ဒီကိုတယ်ဒေသ၌ စစ်သွေးကြွအုပ်စုနှစ်စု ဇွန်ဖရက်က ပစ်ခတ်မှုဖြစ်ပွားရာ လူ၂၀သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း၊ ဇွန် ၅ရက် ညပိုင်းကတည်းက ဖြစ်ပွားသည့် တိုက်ပွဲအတွင်း သေဆုံးသူပေါင်း ၅၀ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဇွန် ၅ရက် ညပိုင်းတစ်လျှောက်လုံး ဖြစ်ပွားခဲ့ရာမှ ဇွန်ဖရက် နံနက်ပိုင်းတွင် ပိုမိုပြင်းထန်လာခဲ့သည်ဟု လုံခြုံရေးသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**တိုက်ခိုက်**

အာဖဂန်နစ္စတန်အနောက်ပိုင်း နယ်စပ်ဒေသနှင့် ပက်ရှ်ဝါမြို့အရှေ့ဘက်ရှိ တာလီဘန်အဖွဲ့မှ စစ်သွေးကြွအုပ်စုသုံးစုတို့ကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

**ဖြစ်ပွား**

မကြာသေးမီ နှစ်အနည်းငယ်အတွင်းက လက်စ်ကာရာ-အီး-အစ္စလာမ္မစ်အဖွဲ့နှင့် အန်ဆာရယ်လ်အစ္စလာမ္မစ်အဖွဲ့တို့ မကြာခဏ တိုက်ပွဲဖြစ်ပွားလျက်ရှိသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

## အာဖဂန်၌အကြမ်းဖက်မှုများ အရှိန်မြင့်တက်လာ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံး

ကဘူးလ် ဇွန် ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများအတွင်း တာလီဘန်တို့၏ စီးနင်းတိုက်ခိုက်မှုကြောင့် ဇွန်ဖရက်တစ်ရက်တည်းတွင် ခြောက်ဦးသေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကွန်ဒုဇ်ပြည်နယ် ခါနာဘက်ခရိုင်အတွင်း လူမှုရေးလုပ်ငန်း၌ ထင်ရှားသူတစ်ဦး၏ ကားကို တာလီဘန်များက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၎င်းနှင့်အတူ မိတ်ဆွေနှစ်ဦးပါ ပွဲချင်းပြီး သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်သည် ပြီးခဲ့သည့်နှစ်အတွင်းက တည်ငြိမ်အေးချမ်းမှုရှိခဲ့သော်လည်း မကြာသေးမီလများအတွင်း၌ တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## အီရတ်၌ ၂၄နာရီအတွင်း ခုနစ်ဦးသေဆုံးပြီး ၄၅ဦးဒဏ်ရာရရှိ

*ဘဂ္ဂဒက် ဇွန် ၉*

*အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တစ်နေ့တာအတွင်း ခုနစ်ဦးသေဆုံးပြီး အခြား ၄၅ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဇွန်၈ရက်က ဖော်ပြထားသည်။*

*အန်ဘာပြည်နယ်၏ မြို့တော်ယာမာဒီမြို့တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏အိမ်ကို ဗုံးဖောက်ခွဲတိုက်ခိုက်သောကြောင့် အမျိုးသမီးငယ်တစ်ဦးသေဆုံးပြီး အခြား ၁၀ဦးဒဏ်ရာရကာ အိမ်သုံးလုံးပျက်စီးကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။*

*ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် ရဲကင်းလှည့်တပ်ဖွဲ့ ဗုံးဖောက်ခွဲခံရသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် လူနှစ်ဦးသေဆုံးပြီး အခြား ငါးဦးဒဏ်ရာရရှိသည်။*

*ဘဂ္ဂဒက်မြို့တော်အနီးရှိ မန်ဆာဒေသတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိသည်။ ဆာဒါမြို့တွင် မီနီဘတ်စ်ကားပေါ်၌ ချည်နှောင်ထားသည့်ဗုံးပေါက်ကွဲရာ တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရသည်။ မိုဆူးလ်နှင့် ကယ်ကွတ်မြို့များတွင် အရောင်းစာရေးနှစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရသည်။* ***(အင်တာနက်)***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဘာဆာရာဒေသ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၇၁၃ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၈၅၅၄ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၁၇၁၃ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၆၈၅၅၄ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၈၈၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၃၉၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၂၈၈၁ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၃၉၃၉၇ ဦး |

(အင်တာနက်)

## အီရတ်၌ မေလအတွင်း အရပ်သားသေဆုံးသူ ၂၇၅ဦးရှိ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရဲစခန်းအပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲအရာရှိလေးဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင် ၁၂ဦး ဒဏ်ရာရရှိသည်ဟု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

**သတင်းပေးပို့**

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ဇွန်ဖရက်နံနက်ပိုင်းက ကားဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူတစ်ဦးက သတင်းပေးပို့သည်ဟု ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ဘဂ္ဂဒက်တောင်ပိုင်း အမိလ်ဒေသ၌ ရဲစခန်းအတွင်း ရဲတပ်ဖွဲ့ဝင်များ တာဝန်လွှဲပြောင်းစဉ် မော်တော်ယာဉ်မှ ဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

**သေဆုံး**

အီရတ်နိုင်ငံ၌ ယခုနှစ်မေလအတွင်း ဗုံးပေါက်ကွဲမှုနှင့် အခြားသောတိုက်ခိုက်မှုများကြောင့် သေဆုံးသည့် အရပ်သားဦးရေမှာ ၂၇၅ဦး ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

# နျူကလီးယားအစီအစဉ်ကိစ္စ ထပ်မံအရေးယူပိတ်ဆို့ခဲ့လျှင် အီရန်က ဆက်လက်ဆွေးနွေးညှိနှိုင်းမည် မဟုတ်ဟုဆို

တီဟီရန် ဇွန် ၉

**အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ထပ်မံအရေးယူပိတ်ဆို့လာလျှင် အီရန်အစိုးရအနေဖြင့် ယင်းကိစ္စကို အနောက်အုပ်စုနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးတော့မည်မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က တူရကီနိုင်ငံ၌ ဇွန်၈ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။**

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်နိုင်ငံများက အရေးယူပိတ်ပင်ရေးနည်းဖြင့် ခြိမ်းခြောက်ပြီးမှ မိမိတို့နှင့်တစ်စားပွဲတည်း ထိုင်၍စေ့စပ်ဆွေးနွေးအဖြေရှာနိုင်မည်ဟု ယူဆလျှင် မဟာအမှားကြီး မှားယွင်းလိမ့်မည်ဖြစ်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်က ရှင်းလင်းပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံ၏ ကိုင်တွယ်နည်းကို သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ရည်ညွှန်းကာ အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဇွန် ၈ရက်က ဖော်ပြထားသည်။ **(အင်တာနက်)**



အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်

## လောင်စာခွဲတမ်းလျှော့ချရန် အီရန်အစိုးရ စီစဉ်နေ

တီဟီရန် ဇွန် ၉

အီရန်နိုင်ငံက စားနပ်ရိက္ခာနှင့် လောင်စာထောက်ပံ့မှုလျှော့ချမည့် စီးပွားရေးပြုပြင်မှုအစီအစဉ် ဖော်ဆောင်ပြီးနောက် ခွဲတမ်းဖြင့်ထောက်ပံ့နေသည့် ဓာတ်ဆီကို လျှော့ချရန် စီစဉ်နေကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

၂၀၀၇ခုနှစ်က စတင်ခဲ့သည့် ဓာတ်ဆီခွဲတမ်းအစီအစဉ်ကို စီးပွားရေးပြုပြင်မှုအစီအစဉ်မစတင်မီအထိ ဆက်လက်ကျင့်သုံးသွားမည်ဟု သယ်ယူပို့ဆောင်ရေးနှင့် လောင်စာစီမံရေးရုံး အကြီးအကဲ ရူယန်နီယန်က ပြောကြားသည်။

**(အင်တာနက်)**

## အမေရိကန်လက်နက် တိုးမြှင့်ဖြည့်ဆည်းပေးရန် အစ္စရေးမေတ္တာရပ်ခံ

တဲလ်အဗစ် ဇွန် ၉

အမေရိကန်အနေဖြင့် အစ္စရေးတပ်ဖွဲ့အတွက် ခဲယမ်းမီးကျောက်သစ်များ ဖြည့်ဆည်းပေးရန် အစ္စရေးက မေတ္တာရပ်ခံကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များ ဝါရှင်တန်သို့ မကြာမီက ခရီးသွားခဲ့စဉ် အထက်ပါအတိုင်း မေတ္တာရပ်ခံခဲ့ပြီး အောက်လွှတ်တော်မှ တာဝန်ရှိသူများနှင့်လည်း ဆွေးနွေးခဲ့သည်ဟု ဟာရက်ဇ်သတင်းစာကရေးသားသည်။ အစ္စရေးက မေတ္တာရပ်ခံသည့် လက်နက်များတွင် အမေရိကန်လုပ်ဗုံးများ၊ ခေတ်မီလက်နက်(ဂျေဒမ်)တို့ ပါဝင်သည်။

ဂျေဒမ်လက်နက်များကို အစ္စရေးလေတပ်မှ မကြာခင်ကာလက တွင်ကျယ်စွာ အသုံးပြုခဲ့သည်။ **(အင်တာနက်)**



**တရုတ်နိုင်ငံ ဟီနန်ပြည်နယ် တောင်ပိုင်း ဟိုင်ကျို့ပင်လယ်၌ အပျော်စီးရွက်လှေသမားတစ်ဦး၏ ရွက်လှေစီးနေဟန်ကို ဇွန် ၈ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ပထမဆုံး အမျိုးသားအဏ္ဏဝါထိန်းသိမ်းရေးသီးသန့်ဇုန် ကနေဒါတည်ဆောက်ရန်စီစဉ်

*အော့တဝါ ဇွန် ၉*

*ကနေဒါ အစိုးရအနေဖြင့် အမျိုးသားအဏ္ဏဝါထိန်းသိမ်းရေး သီးသန့်ဇုန်တစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ကနေဒါ အစိုးရအဖွဲ့က ဇွန်၇ရက်၌ ထုတ်ဖော်ပြောကြားသည်။*

*အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပါလီမန်က အတည်ပြုပေးရန် အဆိုတင်သွင်းထားပြီးဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး ဂျင်းမ်ပရန်တစ်က ပြောကြားသည်။*

*__ပြောကြား__*

*ယင်းအဏ္ဏဝါထိန်းသိမ်းရေးသီးသန့်ဇုန် တည်ဆောက်ခြင်းသည် ကနေဒါနိုင်ငံ၏ ခမ်းနားကြီးကျယ်သော ပင်လယ်ရှုခင်းများကို ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံတကာ၏ ဦးစီးဦးဆောင်နိုင်မှုကို ထင်ဟပ်ပြသနေခြင်း ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။*

*အဆိုပါ အဏ္ဏဝါထိန်းသိမ်းရေး သီးသန့်ဇုန်မှာ ကမ်းဦး ရေတိမ်ပိုင်း နောက်ခံယူထားသည့် ပင် လယ် ရေ အောက် ဂေဟစနစ်နှင့် တောင်ကုန်းတောင်ထိပ် တောင်ကမူများ ပါဝင်စေကာ စတု ရန်းကီလိုမီတာ ၅၀၀၀အထိ ကျယ်ဝန်းသည်ဟုဆိုသည်။*

***အမ်အင်န်အေ၊ဆင်ဟွာ***

## တရုတ်နှင့်နော်ဝေနှစ်နိုင်ငံ စစ်ရေးဆက်ဆံမှု တိုးမြှင့်ရန်သဘောတူ

ပေကျင်း ဇွန် ၉

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)မှ စစ်ဦးစီးအရာရှိချုပ်ချန်ဘန်တီနှင့် အလည်အပတ်ရောက်ရှိနေသည့် နော်ဝေရေတပ်စစ်ဦးစီးအရာရှိချုပ် ဘူရွန်ဟက်ဆန်တို့ ဇွန်စရက်၌ တွေ့ဆုံဆွေးနွေးကာ နှစ်နိုင်ငံစစ်ရေးဆက်ဆံမှု မြှင့်တင်သွားရန် သဘောတူညီကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**တိုးမြှင့်ဆောင်ရွက်**

နှစ်နိုင်ငံ စစ်ရေးဆက်ဆံမှုသည် နှစ်နိုင်ငံဆက်ဆံရေး၏ အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံအဆင့်မြင့် အပြန်အလှန် လည်ပတ်ရေး အပါအဝင် ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း ချန်က ထုတ်ဖော်ပြောကြားသည်။

နော်ဝေအစိုးရအနေဖြင့် နှစ်နိုင်ငံ ရေတပ်ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန်လည်ပတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် ဆန္ဒရှိပါကြောင်း နော်ဝေရေတပ်စစ်ဦးစီးအရာရှိချုပ် ဘူရွန်ဟက်ဆန်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ လေကြောင်းပြပွဲ၌ အဲဘတ်စ်အေ - ၃၈၀ လေယာဉ်ကို ဇွန် ၉ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)



## အရှေ့အလယ်ပိုင်းဒေသ နျူကလီးယားကိစ္စ အိုင်အေအီးအေ စတင်ဆွေးနွေးလျက်ရှိ

ဗီယင်နာ ဇွန် ၉

အမေရိကန်က အီရန်၏ နျူကလီးယားအရေးအပေါ် အရေးယူမှုမှာ အစီအစဉ်သစ်များချမှတ်ရန် တွန်းအားပေးနေချိန်တွင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အရှေ့အလယ်ပိုင်းဒေသတွင်း နျူကလီးယားအစီအစဉ်များ ဆွေးနွေးရန်အတွက် ရက်သတ္တပတ်ကြာ အစည်းအဝေး စတင်ပြုလုပ်နေပြီဖြစ်သည်။

အိုင်အေအီးအေ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့အစည်းအဝေးကို ဗီယင်နာတွင် ဇွန်၇ရက်က စတင်ဖွင့်လှစ်လိုက်ပြီး အီရန်-ဆီးရီးယား-အစ္စရေးနိုင်ငံများ၏ အရေးကိစ္စကို သုံးသပ်ဆွေးနွေးကြသည်။ အစ္စရေးနိုင်ငံမှာ အရှေ့အလယ်ပိုင်းမှ နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံအဖြစ် ယုံကြည်ကြသည်။

မေ၇ရက်က ထုတ်ပြန်သည့် အီရန်နိုင်ငံ၏ နျူကလီးယားလောင်စာ လဲလှယ်ရေးအစီအစဉ်ကို အမေရိကန်၊ပြင်သစ်နှင့် ရုရှားတို့၏ တရားဝင်တုံ့ပြန်ချက်ကို အိုင်အေအီးအေက စောင့်ဆိုင်းနေသည်ဟု ယင်းအဖွဲ့ညွှန်ကြားရေးမှူးချုပ် အမန်နိုက ပြောကြားသည်။ **(အင်တာနက်)**

## ပါကစ္စတန် - အမေရိကန် သိပ္ပံနည်းပညာကဏ္ဍ ဆွေးနွေးမည်

*အစ္စလမ္မာဘတ် ဇွန် ၉*

*ပါကစ္စတန်နှင့် အမေရိကန်နှစ်နိုင်ငံ မဟာဗျူဟာဆွေးနွေးပွဲအစီအစဉ်အရ သိပ္ပံနှင့်နည်းပညာဆွေးနွေးပွဲကို အစ္စလမ္မာဘတ်မြို့၌ ဇွန် ၁၆ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပြည်နယ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။*

*ယင်းအစည်းအဝေးသို့ အမေရိကန်ကာကွယ်ရေး ဒုတိယဝန်ကြီး ကယ်ရီအင်န်ဂျွန်းနှင့် ပါကစ္စတန်နိုင်ငံခြားရေးဌာန အတွင်းဝန်ကောဘီရိန်းတို့ ကိုယ်စားပြု တက်ရောက်မည်ဖြစ်သည်။*

*နှစ်နိုင်ငံဆွေးနွေးပွဲကို ဇွန် ၁၆ရက်မှ စတင်ပြီး ငါးရက်ကြာကျင်းပမည်ဖြစ်ပြီး အခြားသောကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး သုံးသပ်ဆွေးနွေးမည်ဖြစ်သည်။*

*အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် မဟာဗျူဟာဆွေးနွေးပွဲအစီအစဉ်ကို မြှင့်တင်ရန်အတွက် လာမည့်လအတွင်း အစ္စလမ္မာဘတ်မြို့သို့ လာရောက်မည်ဖြစ်သည်။*

***အမ်အင်န်အေ၊ဆင်ဟွာ***



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## လော့စ်အိန်ဂျလိစ်၌ မူးယစ်မှောင်ခိုများဖမ်းဆီး

*အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အရှေ့ပိုင်းတွင် မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ပတ်သက်သူ ရှစ်ဦးအား ဇွန်၉ရက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။*

## ဆီနီဂေါမှ ပြင်သစ်တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းမည်

***ဆီနီဂေါနိုင်ငံတွင် လုံခြုံမှုထိန်းသိမ်းရေးအတွက် စေလွှတ်ထားသည့် ပြင်သစ်တပ်ဖွဲ့ဝင် ၃၀၀ကိုပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ဆီနီဂေါနိုင်ငံရှိ ပြင်သစ်သံရုံးက ဇွန်၉ရက်၌ သတင်းထုတ်ပြန်သည်။***

## အစ္စလမ္မာဘတ်မြို့အနီး နေတိုးယာဉ်များ တိုက်ခိုက်ခံရ

*ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့အနီးတွင် ဇွန်၉ရက်က နေတိုးထောက်ပံ့ရေးယာဉ်တန်းကို လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခတ်ရာ ရှစ်ဦးသေဆုံးပြီး ယာဉ်အစီး၃၀ခန့် ပျက်စီးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ဇွန်၉ရက်၌ ပြောကြားသည်။* ***(အောက်ပုံ)***



## တရုတ်သမ္မတ ဥဇဘက်ကစ္စတန်သို့ခရီးထွက်ခွာ

***တရုတ်သမ္မတ ဟူကျင်ထောင်းသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဇွန်၉ရက်၌ ပေကျင်းမြို့မှ ဥဇဘက်ကစ္စတန်နိုင်ငံသို့ ခရီးထွက်ခွာသွားကြောင်း တရုတ်အရာရှိများက ပြောကြားသည်။***

## ဘင်္ဂလားဒေ့ရှ် အရှေ့မြောက်ပိုင်း၌ ကူးတို့လှေနစ်မြုပ်

*ဘင်္ဂလားဒေ့ရှ်အရှေ့မြောက်ပိုင်းရှိ မြစ်တစ်မြစ်အတွင်း ဇွန်၉ရက်က ကူးတို့လှေတစ်စင်းနစ်မြုပ်ခဲ့ရာ ၁၆ ဦးသေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။*

## အိန္ဒိယအရှေ့ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား

***အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဒီဟန်ဘတ်ခရိုင်တွင် ဇွန် ၉ ရက်၌ မင်္ဂလာဆောင်အခမ်းအနားတစ်ခုသို့ သွားရောက်သည့် ဘတ်စ်ကားတစ်စီး မတော်တဆမှုဖြစ်ပွားရာ ၂၃ဦး သေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။***

## ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်ကျဆင်း

*ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဇွန်၉ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၃၇ဒသမ၅၄ ဒေါ်လာ ဖြစ်ခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

## နော်ဝေ၌ ဝင်ရိုးစွန်းဆိုင်ရာကွန်ဖရင့်ကျင်းပ

***နော်ဝေနိုင်ငံ လိုင်လီစတွန်မြို့တွင် ဝင်ရိုးစွန်းဆိုင်ရာ သိပ္ပံကွန်ဖရင့်တစ်ရပ်ကို ဇွန်စရက်မှ ၁၂ရက်အထိ ကျင်းပလျက်ရှိရာ နိုင်ငံပေါင်း၆၀ကျော်မှ သိပ္ပံပညာရှင် ၂၀၀၀ကျော်တက်ရောက်ဆွေးနွေးလျက်ရှိကြောင်း နော်ဝေအရာရှိများက သတင်းထုတ်ပြန်သည်။***

## စကော့တလန် အိုဘင်မြို့အနီး၌ ရထားမီးလောင်မှုဖြစ်ပွား

*စကော့တလန်ပြည်နယ် အနောက်မြောက်ပိုင်း အိုဘင်မြို့အနီးတွင် ဇွန်၉ရက်က ခရီးသည်တင်ရထားတစ်စင်း မီးလောင်မှုဖြစ်ပွားရာ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အိုဘင်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။* ***(အင်တာနက်)***





## ရန်ကုန်မြောက်ပိုင်းခရိုင် ကျောင်းအပ်နှံရေးကျင်းပ

ရန်ကုန် ဇွန် ၉

ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်)မြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် မြို့နယ်လုံးကျွတ်ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို မေ၃၁ရက် နံနက်က အထက(၁)ရော‌ခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးနေလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေတို့မှ ကျောင်းအပ်နှံရေးဆိုင်ရာများ၊ ပညာရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

(ခရိုင် ပြန်/ဆက်)

## ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးညှိနှိုင်းစည်းဝေး

## တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

### အန္တရာယ်ကင်းရေး

အစီအစဉ်အရ တိုင်းမှူးက အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၉

သာသနာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၅ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး သူရဦးမြင့်မောင် တက်ရောက် အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကာ ပထမနေ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ထပ်မံဖြည့်စွက်

သာသနာရေးဝန်ကြီးဌာန၏ ဒုတိယနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၆ရက် နံနက်၈နာရီက ဆက်လက်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးအောင်ကိုက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ထပ်မံဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့်

## သီပေါတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၅ ရက် နံနက်ပိုင်းက သီပေါမြို့ သီပေါတံတား တည်ဆောက်ရေး တံတားလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အရှည် ၅၉၆ ပေ၊ ကားလမ်းအကျယ်၂၈ပေ၊ လူသွားလမ်းဝဲ/ယာ ငါးပေစီရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ သံမဏိသံပေါင်ပင်မတံတား၊ သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်သည့် ချဉ်းကပ်တံတား တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှု၊ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် လားရှိုးဘက်ကမ်းကပ်ခုံမှ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်သံပေါင်များ အမြန်ရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**





## ဆင်ဆာမဲ့ဇာတ်လမ်း၊ ဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများနှင့်စပ်လျဉ်း၍ ကြည့်မြင်တိုင်မြို့နယ်၌ အသိပေးရှင်းလင်းဆွေးနွေး

ရန်ကုန် ဇွန် ၉

ကြည့်မြင်တိုင်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ ဆင်ဆာမဲ့မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေ၊ ဗွီစီဒီ၊ ဒီဗွီဒီခိုးကူးခွေများကိစ္စနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြားနှင့် ဗီဒီယို နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ထိရောက်သောပြစ်ဒဏ်များအား ကြိုတင် အသိပေး ရှင်းလင်းဆွေးနွေးပွဲကို မေ၂၉ရက်က ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (ကိုယ်စား)ဒုတိယဦးစီးမှူး ဦးရန်လင်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး(ကိုယ်စား) စခန်းမှူး ရဲအုပ်အောင်ငွေစိုး၊ ကြည့်မြင်တိုင်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဦးငွေအောင်တို့က လိုအပ်သော ဗီဒီယိုနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဥပဒေ၊ ထိရောက်သော ပြစ်ဒဏ်များကို အသိပေးရှင်းလင်းဆွေးနွေးကာ **(အပေါ်ပုံ)** မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူးဦးသိန်းနိုင်ကဆွေးနွေးပွဲတက်ရောက်သော လုပ်ငန်းရှင်များ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**(မြို့နယ် ပြန်/ဆက်)**

**Foremost နို့မှုန့်အသစ်များ ဈေးကွက်သို့ မိတ်ဆက်ပွဲတွင် TZK Co. Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဝင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**

(သတင်းစဉ်)





## နို့မှုန့်အသစ်များ မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၉

**Foremost နို့မှုန့်အသစ်များ ဈေးကွက်သို့မိတ်ဆက်ခြင်းအခမ်းအနားကို ဇွန် ၆ရက်က ညနေ ၆နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

Firesland Campina Vietnam က ထုတ်လုပ်ပြီး Firesland Foremost Thailand က တင်သွင်း၍ မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ် TZK Co. Ltd. က တင်သွင်းဖြန့်ဖြူးရောင်းချမည့် Foremost နို့မှုန့်များ ဈေးကွက်သို့ မိတ်ဆက်ခြင်း အခမ်းအနားတွင် TZK Co.Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများက Foremost နို့မှုန့်များနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ Foremost နို့မှုန့်များသည် ကလေးများ၏အသက်အပိုင်းအခြားအလိုက် ရည်ရွယ်၍ ထုတ်လုပ်ထားပြီး ဦးနှောက်နှင့် ဉာဏ်ရည်မြင့်မားမှုအတွက် အကောင်းဆုံး နို့မှုန့်များဖြစ်သည်။ အသက်ခြောက်လမှ တစ်နှစ်အရွယ် ကလေးများအတွက် Foremost Step 2, အသက်တစ်နှစ်မှ သုံးနှစ်အရွယ် ကလေးများအတွက် Step 123 အဖြစ်တင်သွင်းရောင်းချလျက်ရှိပြီး ဝယ်ယူလိုသူများအနေဖြင့် အမှတ် (၈/၄၄) အာသောကလမ်း ဘုရင့်နောင်ပွဲရုံ ရန်ကုန်မြို့ ဖုန်း-၅၂၈၆၇၇၊ ၅၂၈၆၈၈၊ ၅၂၈၆၉၉၊ ၆၈၁၁၈၆၊ ၆၈၁၁၅၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**



ဇွန်၅ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် အမက(၄)စာသင်ခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်အောင်က ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

**သစ်တောသစ်ပင်**
**ဒို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး**
**အလှတိုး**

# ဝန်ကြီးဦးဌေးဦး ဇလွန်နှင့် ဟင်္သာတမြို့တို့၌ ကမ်းနားတာများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးသည် ဇွန် ၅ရက် နံနက် ၈နာရီခွဲက ဧရာဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ် သပြုကျေးရွာ တောင်သူ ဦးလှမြင့် လယ်ကွက်သို့ ရောက်ရှိပြီး မိုးစပါးအတွက် ရေသွင်း၊ မြေပြုပြင်နေမှုတို့ကို ကြည့်ရှုအားပေးပြီးနောက် ဇလွန်ဆန်တန်းရှိ ရေကင်းအမှတ် (၃)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဧရာဝတီ-ဟင်္သာတ ကမ်းနားတာတစ်လျှောက်၌ ရေလွှဲတန်းနှင့် နန်းဖမ်းတန်းများ တည်ဆောက်၍ မြစ်ကမ်းကာကွယ်မှုအခြေအနေနှင့် ထုံးဖွတ်ကုန်းပန်းတာတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် ဇလွန်ဆန်တန်းတာ မြစ်ကမ်းကာကွယ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများအား ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

**ထိန်းသိမ်းကာကွယ်**

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့နယ် ဦးပါရဲဘုရားအနီး ဧရာဝတီ-ဟင်္သာတ ကမ်းပါးကာကွယ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြစ်ကမ်းပါး ထိန်းသိမ်းကာကွယ်သည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဧရာဝတီ-ဟင်္သာတ ကမ်းနားတာအောက်ခြေခိုင်ခံ့ရန်အတွက် အသုံးပြုထားသည့် အလျားပေ ၃၃၀ရှိ Geo-Tube နှစ်ချောင်းအတွက် အလှူရှင် ဟင်္သာတမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးစိန်တင့် မိသားစုက ငွေကျပ်သိန်း ၅၀ကို သက်ဆိုင်ရာတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဝန်ကြီးသည် ဟင်္သာတကမ်းနား ဖောင်ဆိပ်ဖြတ်တာ(၂) တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးသည် ကမ်းနားတာများ ကြံ့ခိုင်မှုနှင့် ကြိုတင်ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

(သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား ဩစတြေးလျနိုင်ငံအစိုးရ အကူအညီပေးရေးအေဂျင်စီမှ Assistant Director General Mr. Michael Wilson လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ဩစတြေးလျ မနေသဟာယနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇွန် ၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဩစတြေးလျနိုင်ငံအစိုးရ အကူအညီပေးရေးအေဂျင်စီ (AUS AIDS)မှ Assistant Director General, Mr. Michael Wilson သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ မနေသဟာယနိုင်ငံသံအမတ်ကြီး H.E. Ms. Michelle Su- Wen Chan နှင့်အတူ ယမန်နေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဩစတြေးလျနိုင်ငံအစိုးရ အကူအညီပေးရေးအေဂျင်စီအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် မြန်မာနိုင်ငံ သူနာပြုတက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားရန်ရှိသည့် ပါရဂူဘွဲ့ သင်တန်းကိစ္စရပ်များ အပါအဝင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဓာတ်ခွဲစမ်းသပ် စက်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၉

Concordia Int'l Co.,Ltd. က တင်သွင်းဖြန့်ချိရောင်းချသော Mindray အမှတ်တံဆိပ် ဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်းသုံး ဓာတ်ခွဲစမ်းသပ် စက်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကို မန္တလေးမြို့ Sedona Hotel အမရပူရခန်းမ၌ ဇွန် ၁၁ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့ Traders Hotel ကုန်းဘောင် တကောင်းခန်းမ၌ ဇွန်၁၃ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**မိတ်ဆက်**

အဆိုပါ အခမ်းအနားတွင် Mindray (Shen Zhen) မှ Sales Representative (Southeast Asia) Mr. Nash Zou က ဓာတ်ခွဲခန်းသုံးပစ္စည်းသစ်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားမည်ဖြစ်သည်။

Mindray ကုမ္ပဏီမှာ တရုတ်ပြည်၏ အကြီးဆုံးသော ဆေးရုံသုံးနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး အခြားဥရောပနိုင်ငံများသို့လည်း ပစ္စည်းများ တင်သွင်းရောင်းချနေသော ကုမ္ပဏီလည်း ဖြစ်သည်။ Mindray (Shen Zhen) မှ ထုတ်လုပ်သော ဆေးရုံသုံးနှင့် ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းများသည် ISO လက်မှတ်ရပစ္စည်းများဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ၃-၅လွှာ ရွှေဂုံပလာဇာ (ရွှေဂုံတိုင် မီးပွိုင့်အနီး) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၄၀၀၂၆၊ ၅၄၉၄၄၄၊ ၇၃၀၀၉၂၂၀ ၊ Fax -၅၄၄၁၉၉၊ e-mail-Concordia @ myanmar.com.mm ၊ မန္တလေးမြို့ အမှတ်(၅) မြေညီထပ် SY အဆောက်အအုံ လမ်း၃၀၊ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၅၁ ၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၆၅၊ Fax -၀၂-၈၉၅၇၁၊ e-mail-Cilmdy @ myanmar.com.mm နှင့် နေပြည်တော် အမှတ်(၁၄၄) သီရိရတနာ Shopping Complex ဖုန်း-၀၆၇-၂၄၀၈၁၉၊ ၀၆၇-၄၂၁၃၆၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ထန်းတပင် ဇွန် ၉

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ရွာသာယာကျေးရွာ ပြည့်ဖြိုးလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၆ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပဲခူးတိုင်း(အရှေ့ပိုင်း) တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေး၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

# စာကြည့်တိုက် အဆောက်အအုံသစ်
## ထန်းတပင်မြို့နယ်၌ဖွင့်၊ စာအုပ်စာစောင်များလှူဒါန်း

**ပေးအပ်လှူဒါန်း**

ထို့နောက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပရာ အာဝါစတိုင်သစ်ကုမ္ပဏီက အလှူငွေ ကျပ် ၁၀၀၀၀၀၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်အောင်က ငွေကျပ်၁၅၀၀၀၀ တန်ဖိုးရှိ ပလတ်စတစ် ကုလားထိုင် ၁၂ လုံး၊ ဗီရို တစ်လုံး၊ စားပွဲနှစ်လုံး၊ ဒိုးသောင်ကျေးရွာနေ ဦးဖိုးဖြူ-ဒေါ်တာ မိသားစုက အလှူငွေကျပ် ၅၀၀၀၀၊ ပန်းချီဆရာ ဦးလှမင်း-ဒေါ်နွဲ့ မိသားစုက အလှူငွေ ကျပ် ၁၀၀၀၀၊ ဦးချိုကြီး- ဒေါ်အေးဖြူ မိသားစုက အလှူငွေကျပ် ၃၀၀၀၀ ၊ ဦးအုန်း မိသားစုက အလှူ ငွေကျပ်၂၀၀၀၀၊ ဦးမောင်ပု-ဒေါ်ကြည်ကြည်ဝင်း မိသားစုက အလှူငွေကျပ် ၃၀၀၀၀နှင့် ကျန်အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**



# မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇွန် ၉

## ဖလမ်းမြို့သာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်

*ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပစေရေးကို ဆောင်ရွက်လျက်ရှိရာ သစ္စာ လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေမြောင်းများရှင်းလင်းခြင်းနှင့် လမ်းချိုင့်ခွက်များ မြေဖို့ခြင်းများကို မေ ၇ရက်က အမှုဆောင်အရာရှိ ဦးထလာဟာရဲ ကြီးကြပ်ဆောင်ရွက်ပေးသည်။* (ခရိုင် ပြန်/ဆက်)

## မိုးမောက်၌ ကျန်းမာရေးပညာပေးဟောပြော

*ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မန်နောင်ကျေးရွာတွင် မေ ၈ရက် နံနက် ၈နာရီက ကြက်ခြေနီအသင်းမှ ဦးဆောင်၍ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲအခမ်းအနားကျင်းပရာ ကြက်ခြေနီအသင်းတပ်ခွဲမှူးဒေါ်သဲစုမိုးက ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်းနှင့် တပ်ကြပ်ဦးလအောင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောကြသည်။* **(မြို့နယ် ပြန်/ဆက်)**

## ပခုက္ကူ၌ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

***ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း သင်တန်းအမှတ်စဉ် (၁/၂၀၁၀) ဆင်းပွဲကို မေ ၁၀ရက် နံနက် ၈နာရီက ပခုက္ကူမြို့ အမှတ်(၄) ရပ်ကွက် ရိပ်သာလမ်းရှိ ပရိယတ္တိဗိမာန်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။*** (၀၇၀)

## သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး မြိတ်၌ဆောင်ရွက်

*တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် မြိတ်မြို့ ဇေယျာသီရိ ရပ်ကွက်၊ အလယ်ကျွန်း ရပ်ကွက်နှင့် ရေနံမြေရပ်ကွက်များသို့ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၁၃ ရက်နှင့် ၁၄ ရက်တို့က လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြသည်။* **(ခရိုင် ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့သာယာလှပရေး တစ်ရွာတစ်ကေသစ်ပင်များစိုက်ပျိုး

***မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်အတွင်း ၂၀၁၀-၂၀၁၁ ခုနှစ် မိုးရာသီတွင် မြို့နယ်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်သာယာလှပရေး၊ ကျေးလက်အိမ်ရာထူထောင်နိုင်ရေးစီမံချက်ဖြင့် တစ်ရွာတစ်ဧကစိုက်ပျိုးခြင်းကို မေ ၂၈ရက်က မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမြင့်ဦး ဦးဆောင်ပြီး သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာနေ ပြည်သူများပူးပေါင်း၍ သစ်ပင်များစိုက်ပျိုးကြသည်။*** (၀၈၈)

## ခင်ဦးမြို့၌ အခြေခံရှေးဦးသူနာပြုစုနည်း သင်တန်းဆင်း

*ခင်ဦးမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံရှေးဦးသူနာပြုစုနည်းသင်တန်းအမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲကို မေ၂၀ရက် နံနက် ၉နာရီက ခင်ဦးအထက သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းကသင်တန်းတွင် ထူးချွန်သာမန်အထက်နှင့် သာမန်သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းနည်းပြ ကြက်ခြေနီဒုတိယတပ်ခွဲမှူး မျိုးဝင်းအောင်က လက်ခံယူသည်။* **(၁၈၂)**

## ကျောင်းအပ်နှံရေးနေ့ လှိုင်ကော်အထက(၁)၌ကျင်းပ

***၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကယားပြည်နယ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၅ ရက် နံနက် ၉နာရီက လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ရတနာခန်းမ၌ ကျင်းပသည်။*** (ပြည်နယ် ပြန်/ဆက်)

## သီပေါ၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

*ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့တပ်ခွဲမှူး ဦးအုန်းညွန့်နှင့်တပ်ဖွဲ့ဝင်များသည် မေ ၁၅ရက်မှစတင်၍ မြို့ပေါ်(၁၁) ရပ်ကွက်နှင့် မြို့ပတ်ဝန်းကျင်ကျေးရွာများသို့ တစ်အိမ်တက်ဆင်းသွားရောက်ပြီး မီးအသုံးပြုမည့်အချိန် မီးဖိုအနီးတွင် လောင်စာများ ထားရှိခြင်းမပြုရန်နှင့် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားနှင့် ရေပုံးများထားရှိရေးကို ကွင်းဆင်းပညာပေး သည်။* **(၀၂၀)**

## စံ(၅)ချက်ညီ စာကြည့်တိုက်များဖြစ်ပေါ်ရေး ဟိုပန်၌ဆောင်ရွက်

***ကွမ်းလုံခရိုင် ဟိုပန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆာထွန်းနှင့်အဖွဲ့ မေ၈ရက်က မော်ဟွေ့၊ ဟာဖြတ်နှင့် ဖားဟာကျေးရွာအုပ်စုရှိ ကျေးရွာများသို့ သွားရောက်၍ စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များဖြစ်ပေါ်လာရေး ကွင်းဆင်းဆောင်ရွက်သည်။*** (မြို့နယ် ပြန်/ဆက်)

## ခန္တီး၌ စာကြည့်တိုက်များသို့ စာအုပ်နှင့်စာစောင်များလှူဒါန်း

*ခန္တီးမြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဧပြီ ၃၀ရက်က အနောက်ကောက်တောင်းကျေးရွာ ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားပြီး စာအုပ် စာစောင် ၅၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစံကြိုင်ကလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာအုပ်မျိုးစုံအုပ် ၅၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်သန်းအေးက လည်းကောင်း လက်ခံယူသည်။ ။* **(ခရိုင် ပြန်/ဆက်)**

# စက်ရက်ကန်းသံများလွှမ်းနေသည့် ဝမ်းတွင်းမြို့

**သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိမ်း**

ဝမ်းတွင်း ဇွန် ၉

**ချည်ထည်ရက်လုပ်ခြင်းပေါ်များရာ ဝမ်းတွင်းမြို့....။ မြန်မာနိုင်ငံတစ်ဝန်း ရက်ကန်းစင်ပေါ်များသော ဝမ်းတွင်းမြို့။ ချည်ထည်ရက်လုပ်ခြင်းဖြင့် နာမည်ကြီးသည့် ဝမ်းတွင်းမြို့သို့ သတင်းခရီးတစ်ထောက်အဖြစ် လေ့လာရေး ရောက်ရှိခဲ့လေပြီ။**

## တည်ရှိ

ဝမ်းတွင်းမြို့၏ အဓိကလုပ်ငန်းမှာ ရက်ကန်းစင်များဖြင့် ချည်ထည်ရက်လုပ်ခြင်းဖြစ်သည်။ ယခင်ကတည်းက စိုက်ပျိုး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများထက် ရက်ကန်းလုပ်ငန်းက ဖြစ်ထွန်းခဲ့ရာ ဝမ်းတွင်းတစ်မြို့လုံးတွင် ရက်ကန်းသံများ လွှမ်းခဲ့အောင် ရက်ကန်းစက်များ တည်ရှိခဲ့လေသည်။

သတင်းအဖွဲ့သည် ဝမ်းတွင်းမြို့ ချည်ထည်ရက်လုပ်ခြင်းအကြောင်းကိုခရီးရောက်မဆိုက် လေ့လာမှုများပြုလုပ်ရန် စိတ်အားထက်သန်နေခဲ့သည်။ ထို့ကြောင့်ဝမ်းတွင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ကိုကျော်ကျော်ဦး၏ စိန်သရဖူ စက်ရက်ကန်းလုပ်ငန်းကို သွားရောက်လေ့လာခဲ့သည်။



**ချည်ထည်ရက်လုပ်ရာတွင်ဤသို့ ချည်များကို ဆေးဆိုးပြီး အသင့်အနေအထားဖြစ်အောင် ပြုလုပ်ထားရသည်။**

## လုပ်ငန်းခွင်

စက်ရက်ကန်းရုံအတွင်းသို့ လေ့လာရန် ကိုကျော်ကျော်ဦး ခေါ်ဆောင်သွားသဖြင့် လိုက်ပါသွားခဲ့ရာ စက်ရက်ကန်းသံများကို ရက်ကန်းခုံ မရောက်မီကပင် ကြားနေရသည်။ ထို့နောက် စက်ရက်ကန်းရုံအတွင်း ဝင်ရောက်လေ့လာခဲ့ရာ ချည်ထည်ရက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အလုပ်သမားများ၊ လုပ်ရှားဆောင်ရွက်နေကြသည့် လုပ်ငန်းခွင်ကို တွေ့ရသည်။

“ဒီလုပ်ငန်းကို လုပ်ကိုင်ခဲ့တာ နှစ်ပေါင်း ၂၀ကျော်ရှိပါပြီ။ မိဘတွေ လက်ထက်ကတည်းက လုပ်ကိုင်ခဲ့တာဖြစ်ပြီး ကျွန်တော်တို့ သားသမီးတွေလည်း ဒီအလုပ်ကို ဆက်လက်တာဝန်ယူ လုပ်ကိုင်နေတာပါ။ အဓိကကတော့ ပြည်သူတွေအနေနဲ့ ပြည်တွင်းမှာ ထုတ်လုပ်ပြီး ချည်စစ်ချည်မှန်တွေနဲ့ ရက်လုပ်ထားတဲ့ လုံချည်တွေကို ဈေးသက်သာစွာနဲ့ ဝတ်ဆင်နိုင်ဖို့ပါပဲ။ ကျွန်တော်တို့ရဲ့ ချည်ထည်ရက်လုပ်ငန်းဟာ မိသားစုလုပ်ငန်းအသွင်လည်း ဆောင်နေပါတယ်”ဟု ကိုကျော်ကျော်ဦးက ရှင်းပြသည်။

ချည်ထည်များ ရက်လုပ်ရာတွင် အဆင့်များရှိရာ လုပ်ငန်းအဆင့်တိုင်း၌ စနစ်တကျ လုပ်ကိုင်ကြရသည်။ အရည်အသွေးစံချိန်မီသည့် ချည်ထည်များရရှိရန် အရည်အသွေး စစ်ဆေးမှုများနှင့် ကျွမ်းကျင်သည့် အလုပ်သမားများရရှိရန် လိုအပ်ကြောင်း သိရသည်။

“ဒါကတော့ ချည်ချတဲ့လုပ်ငန်းပေါ့။ ချည်မျှင်တွေကို ပထမဆုံး ရေစိမ်ပြီး ထုရတယ်။ ပြီးရင် ကိုယ်လိုချင်တဲ့ အရောင်ရအောင် ဆေးဆိုးရတာပေါ့။ ဆေးဆိုးတဲ့အခါ ချည်ထည်တွေမှာ စွဲမြဲပြီး အလွယ်တကူ ဆေးမကျွတ်တဲ့၊ စံချိန်မီတဲ့ ချည်ထည်ဆိုးဆေးကို အသုံးပြုရတယ်။ ပြီးရင် ချည်တွေခိုင်အောင် အဇာတင်ရတာပေါ့။ ဒါကချည်တွေ ရေရှည်အသုံးပြုဝတ်ဆင်လို့ရအောင် ပြုလုပ်တာပါ။ အဲဒီရလာတဲ့ချည်တွေကို အခုလိုချည်ချခြင်း လုပ်ငန်းပြုလုပ်ပြီးနောက်မှာတော့ ရက်ကန်းစင်ပေါ်တင်ပြီး ချည်ထည်ရက်လုပ်ခြင်းဖြစ်ပါတယ်”ဟု ဦးကျော်ကျော်ဦးက သတင်းအဖွဲ့သို့ ရှင်းပြသည်။



**“ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ ရရှိနိုင်အောင် ကြိုးစားနေပါတယ်” ဦးကျော်ကျော်ဦး။**

## ကျွမ်းကျင်

ချည်ချစက်များတွင် အမျိုးသမီးများက ချည်ချခြင်းအလုပ်ကို ကျွမ်းကျင်စွာ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ချည်ကြိုးဖြတ်ခြင်း၊ ချည်ကြိုး သတ်မှတ်စံချိန်ရအောင် ထိန်းသိမ်းခြင်းများကို ကျွမ်းကျင်စွာ ပြုလုပ်နေကြသည်။ ပုံမှန်လည်ပတ်နေသော ချည်ချရစ်ဘီးများ လည်ပတ်နေမှုနှင့် ချည်ရှုပ်ထွေးမှု မရှိအောင် ဂရုတစိုက် ပြုလုပ်နေကြသည်ကိုလည်း တွေ့မြင်ရသည်။

“ဒါကတော့ စက်တွေနဲ့ ချည်ထည်ရက်လုပ်ခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော်တို့က ကျောင်းဖွင့်ရာသီဆိုတော့ ကျောင်းစိမ်းလုံချည်တွေ ရက်လုပ်နေပါတယ်။ ကျွန်တော်တို့က အများအားဖြင့် ပုဆိုးတွေပဲ ရက်လုပ်ဖြစ်တာပါ။ ချည်ထည်ရက်လုပ်ခြင်းကို နိုင်နိုင်နင်းနင်း ပြုလုပ်ချင်လို့ဖြစ်ပါတယ်”ဟု ၎င်းကရှင်းပြသည်။

ချည်ထည်ရက်လုပ်ခြင်းကို စက်ရက်ကန်းများဖြင့် ပြုလုပ်ခြင်းဖြစ်ရာ စက်ရက်ကန်းတစ်ခုလျှင် အမျိုးသမီးအလုပ်သမားတစ်ဦးက တာဝန်ယူ လုပ်ကိုင်လျက်ရှိသည်။ ချည်ထည်များ ချည်ကျော်ခြင်း၊ ချည်မျှင်များ ပြတ်ခြင်းတို့ကို ကျွမ်းကျင်သည့် အလုပ်သမားများက လျင်မြန်စွာ ပြုပြင်ထိန်းသိမ်းပေးလျက် ရှိသည်ကိုတွေ့ရသည်။ အချို့ ရက်ကန်းစက်များတွင် အလုပ်သမားတစ်ဦးက စက်နှစ်လုံးကို တစ်ဦးတည်း တာဝန်ယူကာ ကျွမ်းကျင်စွာ လုပ်ကိုင်နေသည်ကို တွေ့ရသည်။ စက်ရက်ကန်းများတွင် လုပ်ကိုင်နေသူများမှာ လုပ်သက် အတွေ့အကြုံရင့်သူများ ဖြစ်ကြသည်။

## ဆက်လက်ရှင်းပြ

“အခုလို ပုဆိုးကွင်းတွေကို တစ်ထည်ချင်း ရက်လုပ်တာတော့ မဟုတ်ပါဘူး။ ဥပမာ ချည်ထည်လိပ်တွေ ရက်လုပ်ပြီး ပုဆိုးတစ်ကွင်းစာစီ ပြန်ဖြတ်ယူလိုက်တာပါ။ ကျွန်တော်တို့ရဲ့ ပုဆိုးတစ်ကွင်းဆိုရင် အနံ ၄၇လက်မ၊ ပတ်လည်လက်မ ၈၀ ရှိပါတယ်။ အသုံးပြုတဲ့ချည်ကတော့ဆီလွန်နဲ့ ၁/၄၀ အမျိုးအစားတွေဖြစ်ပြီး ဆီလွန်ကိုတော့ ကျောင်းစိမ်းလုံချည်တွေမှာ အသုံးပြုတာပါ”ဟုလည်း ကိုကျော်ကျော်ဦးက သတင်းအဖွဲ့သို့ ဆက်လက်ရှင်းပြသည်။

လက်ရှိ ချည်ထည်ရက်လုပ်မှုနှုန်းမှာ ရက်ကန်းစင်တစ်ခု တစ်နာရီလျှင် ပုဆိုးတစ်ကွင်းနှုန်း ဖြစ်သည်။ အတိုင်ချည်နှင့် အဖောက်ချည်များကို စနစ်တကျ ရွေးချယ်စိစစ်ပြုလုပ်ထားသဖြင့် ကုန်ချောပစ္စည်းအဖြစ် အရည်အသွေးမြင့်သော လုံချည်များ ထွက်ရှိနေခြင်းပင်ဖြစ်သည်။ ဝမ်းတွင်းမြို့နယ်တွင် စက်ရက်ကန်းစင်များစွာရှိရာ ဓာတ်အားယခုထက် ပိုမိုရရှိပါက လက်ရှိ ချည်ထည် ထုတ်လုပ်မှုအားထက် ပိုမိုမြင့်မားစွာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့အတူ ရက်ကန်းရုံများတွင်လည်း ယခုထက် အလုပ်အကိုင် ပေးနိုင်မှုနှုန်း မြင့်တက်လာမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ရာ ဝမ်းတွင်းမြို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ရှိန်ထိုး တိုးတက်လာမည်ဖြစ်သည်။

## လုပ်ကိုင်

ချည်ထည်ရက်လုပ်ခြင်းကို ဝမ်းတွင်းမြို့ပေါ် စက်ရက်ကန်းရုံများသာမက ရော်ပင်ရွာ၊ တောင်ဇေဂျမ်းကုန်းရွာ၊ တမာကုန်းရွာနှင့် ရွာသစ်တို့၌လည်း ပြုလုပ်ကြသည်။ ထို့အတူ လက်ရက်ကန်းလုပ်ငန်းကိုလည်း လေးမျက်နှာ၊ ဘုရားစု၊ မြောက်ဇေဂျမ်းရွာတို့၌ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

## ကွင်းဆင်းလေ့လာ

ထို့ကြောင့် ဝမ်းတွင်းမြို့တစ်ခွင်၌ စက်ရက်ကန်း လုပ်ကိုင်နေမှုများ ပုံမှန်လည်ပတ်လျက်ရှိနေခြင်းက ဝမ်းတွင်းမြို့၏ လုပ်အားအလှကို ဖော်ပြနေသလို ဝမ်းတွင်း မြို့သူ မြို့သားတို့၏ မဆုတ်မနစ်ကြိုးစားအားထုတ်မှုတို့ကို ဖော်ပြနေပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**



**ဝမ်းတွင်းမြို့ စိန်သရဖူ စက်ရက်ကန်းရုံအတွင်း၌ စက်ရက်ကန်းဖြင့် အထည်များရက်လုပ်နေသည်ကို ဤသို့တွေ့ရသည်။**

---

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၉

၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အသင်းတာဝန်ခံများ တက်ရောက်ကြသည်။

## ရှင်းလင်းမှာကြား

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က ယမန်နှစ်ပြိုင်ပွဲများအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူအသီးသီးက ပြိုင်ပွဲကျင်းပရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြကာ အသင်းများကို မဲနှိုက်၍အုပ်စုခွဲကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## စည်ကားသိုက်မြိုက်

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံး ပြိုင်ပွဲသို့ နေပြည်တော်ဝန်ကြီးဌာန အသင်း၃၅သင်းတို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ရက် ညနေ၃နာရီခွဲတွင် နေပြည်တော် ဘောလုံးအားကစား ပြိုင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# စဉ့်ကူးမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆင့်ပွားသင်တန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၉

စဉ့်ကူးမြို့နယ် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းကို ဇွန် ၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရဲအောင်မြင့်နှင့် ပြင်ဦးလွင်ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးမောင်ကိုတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်တင်တင်နုနှင့် ဒေါ်နွဲ့တို့က သင်တန်းတက်ရောက်ကြသည့် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ပထမဆုရ ထင်လင်းကျော် ရေးသားသည့် အောင်ဘာလေထီသမိုင်းစာအုပ်ကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

ယင်းစာအုပ်မှာ လွန်ခဲ့သည့်နှစ်ပေါင်း၇၀ခန့်ကတည်းက မြန်မာနိုင်ငံတွင် စတင်ခဲ့သည့် အောင်ဘာလေသိန်းဆုဌာနခွဲ၏ ပြောင်းလဲမှုဖြစ်စဉ်များကို စာရေးသူက သမိုင်းဆိုင်ရာရှုထောင့်မှ သုတေသနပြုလျက် ရှားပါးထီလက်မှတ်ဓာတ်ပုံ၊ ရုပ်ပုံများ ဖော်ပြပြုစုထားသော စာအုပ်ဖြစ်သည်။ ထို့ပြင် ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ် ထီဖွင့်ပွဲများမှသည် မျက်မှောက်ခေတ်ကာလ ယနေ့ခေတ် အောင်ဘာလေထီသိန်းဆုဌာနခွဲ၏ အဆင့်ဆင့်ဆောင်ရွက်မှုများတွင် ဥပဒေ၊ နည်းဥပဒေ၊ နေရာဌာန၊ ဆုငွေတန်ဖိုး စသည့် ပြောင်းလဲမှုအဆင့်ဆင့်တို့ကို စိတ်ဝင်စားဖွယ် တင်ပြရေးသားထားသည့် စာအုပ်ဖြစ်သည်။

## ဆက်သွယ်ဝယ်ယူနိုင်

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# မှတ်သားဖွယ်ရာမိုးရေချိန်များ

၉-၆-၂၀၁၀

| | |
|---|---|
| ခရမ်းမြို့ | ၂ ဒသမ ၈၀ လက်မ |
| ရွှေကျင်မြို့ | ၂ ဒသမ ၈၀ လက်မ |
| ကော့ကရိတ်မြို့ | ၂ ဒသမ ၆၈ လက်မ |
| သထုံမြို့ | ၂ ဒသမ ၄၀ လက်မ |
| မှော်ဘီမြို့ | ၁ ဒသမ ၇၃ လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | ၁ ဒသမ ၆၉ လက်မ |
| သံတောင်ကြီးမြို့ | ၁ ဒသမ ၆၃ လက်မ |
| ပေါင်မြို့ | ၁ ဒသမ ၅၇ လက်မ |
| ကျိုက္ခမီမြို့ | ၁ ဒသမ ၅၀ လက်မ |

# ရန်ကုန်မြို့နှင့် ပဲခူးမြို့တို့ရှိ ဆက်သွယ်ရေးစခန်းများ ဝန်ကြီးဦးသိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်သည် ဇွန်၇ရက်က ရန်ကုန်မြို့ သဃ်န်းကျွန်းအော်တိုအိတ်ချိန်းသို့ရောက်ရှိစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာချုပ်က စက်ခန်းအတွင်း အသစ်တိုးချဲ့တပ်ဆင်ထားရှိသည့် CS 1500 i SWITCH တပ်ဆင်ထားရှိမှုကို လိုက်လံပြသသည်။

ထို့နောက် အင်ဂျင်နီယာချုပ်က အော်တိုတယ်လီဖုန်းများ အသစ်တိုးချဲ့ဆောင်ရွက်ထားရှိမှုအခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းပြသပြီး သက်ဆိုင်ရာအင်ဂျင်နီယာချုပ်များက ဆွေးနွေးတင်ပြကြသည်။

## ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ဝန်ကြီးက သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဟံသာဝတီ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး အသစ်တိုးချဲ့တပ်ဆင်ထားသည့် IP TRANSIT အိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ ဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ မှာကြားခဲ့သည်။

## အထူးဂရုပြု

ဆက်လက်၍ အော်တိုအိတ်ချိန်း စက်ခန်းနှင့် ဟံသာဝတီ နေရှင်နယ်ကေဘယ်လ်စခန်းသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာချုပ်က စက်ခန်းအတွင်း စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးက စက်ပစ္စည်းများကြံ့ခိုင်ကောင်းမွန်စေရေးနှင့် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်အောင် အထူးဂရုပြု ဆက်သွယ်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဝန်ကြီးသည် ဇွန်၈ရက်တွင် ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တိုင်းအတွင်း ဆက်သွယ်ဆောင်ရွက်မှုအခြေအနေ၊ G.S.M စနစ်စက်ခန်း၊ C.D.M.A စနစ်စက်ခန်းနှင့် မိုက္ကရိုဝေ့ဗ်စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ အစဉ်အမြဲကြံ့ခိုင်ကောင်းမွန်အောင် ဝန်ထမ်းများက အလေးထား၍ထိန်းသိမ်းဆက်သွယ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ထပ်မံတိုးချဲ့

ထို့နောက် ဝန်ကြီးသည် တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့အတွင်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အင်ဂျင်နီယာချုပ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် အော်တိုတယ်လီဖုန်းလိုင်းများနှင့် အဝေးဆက်သွယ်မှုများ ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဘုရားကြီး အော်တိုအိတ်ချိန်းနှင့် G.S.M စခန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း သူ့ဌေးရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အမှတ်(၁) လျှပ်စစ်ဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်း သံတွဲမြို့ သူ့ဌေးရေလှောင်တမံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဇွန်၇ရက် ညနေပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူ့ဌေးချောင်းပေါ်တွင် အမှတ်(၆) တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သူ့ဌေးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေလွှဲဥမင်လိုဏ်အထွက်ပိုင်းရှိ ဥမင်လိုဏ်အမှတ်(၁) တူးဖော်နေမှုနှင့် ရေလွှဲဥမင်လိုဏ် မြေကြီး/ကျောက်သားခိုင်ခံ့မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြစ်အထက်ပိုင်းရှိ ရေလွှဲဥမင်လိုဏ်အဝင်ပိုင်း၊ ဥမင်လိုဏ်အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် ဥမင်လိုဏ်တူးဖော်နေမှုနှင့် Steel Lining လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေလွှဲဥမင်လိုဏ်မြေကြီး/ ကျောက်သားများခိုင်ခံ့စေရန်အတွက် Rock Bolt Installation လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့သည်။**

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပင်မတမံမြေကြီးကျောက်သား တူးဖော်ပြီးစီးမှုနှင့် တမံအုတ်မြစ်စိမ့်ရေတားနံရံ (Diaphragm Wall) လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူးဦးစန်းဝေက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း မိုးရာသီကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဘေးအန္တရာယ်လုံခြုံရေးကို အထူးဂရုစိုက်ကြရန် မှာကြားကာ စီမံကိန်းရှိ ဝန်ထမ်းများအား သီးသန့်တွေ့ဆုံ၍ လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# 2010 Asian Men's Club ဘော်လီဘောပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း ကွာတားဖိုင်နယ်တက်ရောက်

ရန်ကုန် ဇွန် ၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhenjiang မြို့၌ ဇွန်၅ရက်မှ စတင်၍ ကျင်းပလျက်ရှိသည့် 2010 Asian Men's Club Volleyball Championship ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသော Asian World Club အမည်ဖြင့် ဦးသိန်းဝင်းခေါင်းဆောင်သည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင်ဘော်လီဘောအသင်းသည်ပထမအဆင့်အုပ်စုပတ်လည်ဘော်လီဘောပြိုင်ပွဲ၌ (ခ)အုပ်စုတွင် ငါးပွဲကစားရာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ပြီး စတုတ္ထနေရာဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။**

အုပ်စုပတ်လည် ပြိုင်ပွဲများ ယနေ့ညနေပိုင်းတွင် ပြီးစီးသွားရာ (က) အုပ်စုပြိုင်ပွဲတွင် အိမ်ရှင်တရုတ် အသင်းက ပထမ၊ ဂျပန်အသင်းက ဒုတိယ၊ Kazakhstan အသင်းကတတိယ၊ ဗီယက်နမ်အသင်းက စတုတ္ထ၊ အင်ဒိုနီးရှားအသင်းက ပဉ္စမရရှိကြပြီး (ခ)အုပ်စုပြိုင်ပွဲတွင် အီရန်အသင်းက ပထမ၊ကာတာအသင်းက ဒုတိယ၊ ထိုင်းအသင်းက တတိယ၊ မြန်မာအသင်းက စတုတ္ထ၊ Uzbekistan အသင်းက ပဉ္စမနှင့် ဘာရိန်းအသင်းက ဆဋ္ဌမရရှိကြသည်။ ယင်းပြိုင်ပွဲ၏ ကွာတားဖိုင်နယ် ပြိုင်ပွဲများ၊ အကြိုဗိုလ်လုပွဲများနှင့် ဗိုလ်လုပွဲကို ဇွန်၁၁ရက်မှ ၁၃ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

## သွားရောက်ယှဉ်ပြိုင်

၂၀၁၀ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**(သတင်းစဉ်)**





# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၉**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အခြေခံပညာမူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

## ပေးအပ်

ထို့နောက် အလှူရှင်များကအလှူငွေများပေးအပ်ရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွှန့်နှင့်ဌာနမှူးများက ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ချီးမြှင့်

ယနေ့ ကျင်းပသည့် ပေးအပ်ပွဲအခမ်းအနားတွင်ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းမိသားစုများ၏ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူ ၂၂၅၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ်၁၀၇သိန်းငါးသောင်းပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်

**ရန်ကုန် ဇွန် ၉**

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“အေးချမ်းသာယာပြည်မြန်မာ”** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## ပြိုင်ပွဲဝင်စည်းကမ်း

ပြိုင်ပွဲဝင်စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ × ၁၄)လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့်ဓာတ်ပုံများကို ယှဉ်ပြိုင်ခြင်းမပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရပါ။

(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

(စ) ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဆ) မိမိတို့၏ ပြိုင်ပွဲဝင်ဓာတ်ပုံများကို Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အထူးဆု ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား(Canon SLR ကင်မရာEOS-1000D with 18-55mm Lens)ကို လည်းကောင်း၊ဒုတိယဆုရရှိသူအား(Canon Compact Digital ကင်မရာ LXUS-951S)ကို လည်းကောင်း၊ တတိယဆုရရှိသူအား(Canon Compact Digital ကင်မရာ Power Shot A-480)ကို လည်းကောင်း၊ အထူးဆုရရှိသူများအား ငွေကျပ် ၇၀၀၀၀တန် Canon Showroom ၌ ဈေးဝယ်ခွင့်ကူပွန်များကို လည်းကောင်း ဆုများပါဝင်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

## လက်ခံမည်မဟုတ်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၄င်းနေ့ထက်ကျော်လွန်၍ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဝင် ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ. . . ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ. . . ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ. . .



အာကာဟိန်း စုစည်းသည်

## စပိန်မှ အင်နီယေစတာ ဒဏ်ရာရရှိ

*တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိနေသော စပိန်ဘောလုံးအသင်းသည် ဇွန် ၇ရက်က လေ့ကျင့်မှုပြုလုပ်ရာတွင် အင်နီယေစတာ ဝဲဘက်ခြေထောက် ကြွက်သားဒဏ်ရာ ထပ်မံရရှိခဲ့သဖြင့် ဓာတ်မှန်ရိုက်ပြီး စစ်ဆေးနေကြောင်း စပိန်အသင်းတာဝန်ရှိသူများက ပြောကြားသည်။*

## ချီလီကွင်းလယ်ဒိုင် ကွင်တာရော့စ် ပွဲမကြီးကြပ်နိုင်တော့

*ချီလီနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီးကွင်တာရော့စ်နှင့် အကူဒိုင်နှစ်ဦးတို့သည် မမျှော်လင့်ဘဲ ဒဏ်ရာများရရှိခဲ့သဖြင့် ဇွန် ၁၃ ရက်၌ ကျင်းပမည့် အုပ်စု(ဂ)မှ အယ်လ်ဂျီးရီးယားနှင့် ဆလိုဗေးနီးယားတို့ ပွဲစဉ်၌ တာဝန်ယူ မကြီးကြပ်နိုင်တော့ကြောင်း ဖီဖာက ဇွန် ၇ရက်၌ သတင်းထုတ်ပြန်သည်။*

## မက္ကဆီကိုခံစစ်မှူး မားကွတ်ဇ် လေ့ကျင့်မှုစတင်

*တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိနေသော မက္ကဆီကိုအသင်းမှ ခံစစ်မှူးမားကွတ်ဇ်သည် ပြီးခဲ့သည့် သီတင်းပတ်က အီတလီအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားရာတွင် ညာခြေချင်းဝတ် ဒဏ်ရာရရှိခဲ့သဖြင့် လေ့ကျင့်မှုမပြုနိုင်ဘဲရှိခဲ့ရာ ဇွန် ၇ ရက်မှစတင်၍ အသင်းနှင့်အတူ ပြန်လည်လေ့ကျင့်နေပြီဖြစ်ကြောင်း မက္ကဆီကိုအသင်းတာဝန်ရှိသူများက ပြောကြားသည်။*

## တိုက်စစ်မှူး လီဒေါင်ဂွတ် ဒဏ်ရာသက်သာ

*တောင်ကိုရီးယားတိုက်စစ်မှူး လီဒေါင်ဂွတ်၏ ခြေထောက်ကြွက်သား ဒဏ်ရာရရှိနေမှုမှာ သက်သာနေပြီဖြစ်သဖြင့် ဂရိအသင်းနှင့်စတင်ကစားရမည့်ပွဲ၌ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း အသင်းမှတာဝန်ရှိသူများက ဇွန် ၇ ရက်၌ ပြောကြားသည်။*

## ဂျပန်ကွင်းလယ်ကစားသမား မာကိုတို ဆေးကုသမှုခံယူရ

ဂျပန်အသင်းမှ ကွင်းလယ်ကစားသမား မာကိုတိုသည် တောင်အာဖရိကနိုင်ငံတွင် ဇွန် ၇ရက်က လေ့ကျင့်မှုပြုလုပ်စဉ် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနေရကြောင်း ဂျပန်အသင်းမှ တာဝန်ရှိသူများက ပြောကြားသော်လည်း ကင်မရွန်းနှင့်ပွဲ၌ ပါဝင်ကစားနိုင်မည်ဟုဆိုသည်။

## လေ့ကျင့်ရေးကွင်းမကောင်းဟု ဩစတြေးလျပြောကြား

*တောင်အာဖရိကသို့ ရောက်ရှိနေသော ဩစတြေးလျဘောလုံးအသင်းသည် ဂျိုဟန်နစ္စဘတ်မြို့ရှိ ဘောလုံးကွင်းဟောင်းတစ်ကွင်း၌ လေ့ကျင့်ရန် သတ်မှတ်ထားရာ ယင်းဘောလုံးကွင်း၏မျက်နှာပြင်အနေအထားမှာ ကောင်းမွန်မှုမရှိကြောင်း၊ ဘောလုံးသမားများ ထိခိုက်ဒဏ်ရာရရှိနိုင်ကြောင်း ဩစတြေးလျအသင်းမှ တာဝန်ရှိသူများက ဇွန် ၇ရက်၌ ပြောကြားသည်။*

## ပြင်သစ်အသင်းခေါင်းဆောင်အဖြစ် အီဗရာကိုတာဝန်ပေး

*ပြင်သစ်အသင်းနည်းပြ ဒိုမီနစ်က အသင်းခေါင်းဆောင်အွန်နရီအစား အီဗရာကို တာဝန်ပေးခြင်းအပေါ် မှန်ကန်သည်ဟု ယုံကြည်မှုအပြည့်ရှိကြောင်း ဇွန် ၇ ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## ဆားဘီးယားအသင်း၏ ရည်မှန်းချက်ပြောကြား

*ဆားဘီးယားအသင်းအနေဖြင့် ယခုကမ္ဘာ့ဖလားပြိုင်ပွဲ၌ နောက်ဆုံး ၁၆ သင်းအဆင့်အထိ တက်ရောက်နိုင်ရေးကို မျှော်မှန်းချက်ထားရှိကြောင်း တောင်အာဖရိကသို့ ရောက်ရှိနေသော ဆားဘီးယားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာရက်ဇစ်က ဇွန် ၇ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## ဗီဒစ် အဖွင့်ပွဲစဉ်၌ ပါဝင်ကစားနိုင်မည်

*ပိုလန်အသင်းနှင့်ခြေစမ်းပွဲ၌ ဝမ်းဗိုက်ကြွက်သားဒဏ်ရာရရှိခဲ့သော ဆားဘီးယားအသင်းခေါင်းဆောင် ဗီဒစ်သည် အသင်းနှင့်အတူ လေ့ကျင့်မှုများ မပြုလုပ်နိုင်ခဲ့ရာမှ ဇွန် ၇ ရက်မှ စတင်ကာ ပြန်လည်လေ့ကျင့်နေပြီဖြစ်ရာ ဇွန် ၁၃ရက်၌ စတင်ကစားရမည့် ဂါနာပွဲ၌ ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ဆားဘီးယားအသင်းတာဝန်ရှိသူများက ပြောကြားသည်။*

## ကီးဝဲလ် လေ့ကျင့်စဉ် ဒူးဒဏ်ရာရရှိ

*တောင်အာဖရိကသို့ ရောက်ရှိနေသော ဩစတြေးလျအသင်းမှ နာမည်ကြီးကစားသမားကီးဝဲလ်သည် ဇွန် ၇ရက်က အသင်းနှင့်အတူ လေ့ကျင့်စဉ် ဒူးဒဏ်ရာရရှိခဲ့ကြောင်း ဩစတြေးလျအသင်း တာဝန်ရှိသူများက ပြောကြားသည်။*

## အပူချိန်မြင့်မားမှုပြဿနာမရှိဟု ကာလိုစ်ပီလာပြောကြား

*၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မက္ကဆီကိုနှင့်တောင်အာဖရိကတို့ပွဲစဉ်တွင် အပူချိန်မြင့်မားနေမှုမှာ ပြဿနာမဟုတ်ကြောင်း၊ မိမိတို့အနိုင်ကစားမည်ဖြစ်ကြောင်း မက္ကဆီကိုတိုက်စစ်မှူးကာလို့စ်ပီလာက ဇွန် ၇ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။*

## တောရက်စ်၊ ဖာဘရီဂက်စ်၊ ပီလာတို့ ဂိုးသွင်းလေ့ကျင့်

*စပိန်အသင်းအတွက် အဆုံးအဖြတ်ဂိုးများသွင်းယူနိုင်ရန် တောရက်စ်၊ ဖာဘရီဂတ်စ်နှင့် ဒေးဗစ်ဗီလာတို့အား ဇွန် ၁၀ရက်၌ ဂိုးသွင်းမှုသီးခြားလေ့ကျင့်မည်ဟု စပိန်အသင်းတာဝန်ရှိသူများက ဇွန် ၇ရက်၌ ပြောကြားသည်။ ။*

(အင်တာနက်)



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပြန်/ဆက်ဦးစီးသို့ ငွေလှူဒါန်း၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် ဇွန် ၉**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လစဉ်ပုံမှန်အစည်းအဝေး ၇/၂၀၁၀ကို ဇွန် ၆ ရက်က မြို့နယ်ပြန်/ဆက်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုး(နေစိုးသော်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ဦးမင်းရွှေ(မင်းရွှေမင်း-တောင်ကုတ်)က ပဉ္စမအကြိမ်စာပေနှင့် စာနယ်ဇင်းညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အလှူငွေကျပ် နှစ်သောင်းကို ဥက္ကဋ္ဌ မင်းရွှေမင်း(တောင်ကုတ်)က ပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက လက်ခံယူသည်။ **(အပေါ်ပုံ)**

### ပေးအပ်

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်တို့၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၁ဦးအတွက် ငွေကျပ် ၉၂၀၀၀ ကို စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအေးမင်း(အောင်ထက်၊ ဆေး-၁)က ကျောင်းသား၊ ကျောင်းသူများ၏ မိဘများသို့ ပေးအပ်ခဲ့သည်။

### ထောက်ပံ့မည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများကို ဆုချီးမြှင့်မည်ဖြစ်ပြီး တက္ကသိုလ်သို့ ထူးချွန်စွာတက်ရောက်နိုင်သူများကို ထောက်ပံ့မည်ဖြစ်ကြောင်းလည်း သိရသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**



## နမ့်ခမ်းမြို့နယ်တွင် သစ်ပင်စိုက်ပျိုး

**နမ့်ခမ်း ဇွန် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကို ဇွန် ၄ ရက်က နမ့်ခမ်း-နမ့်ဖတ်ကာ ကားလမ်းဘေး(စခန်းသစ်ကုန်း) အနီးတွင် ကျင်းပသည်။

သစ်ပင်စိုက်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကြည်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များစုစုပေါင်းအင်အား ၁၅၀ခန့်တက်ရောက် ကာရတနာတန်းဝင် ကျွန်းပင်၇၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန၌ ငါးသားပေါက်များ ဝယ်ယူနိုင်

***ကလေး ဇွန် ၉***

*ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းတင်သည် မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်ညွှန့်လိုက်ပါလျက် ဇွန် ၈ရက်က ကလေးမြို့နယ် နန်ကြီးကုန်းကျေးရွာနှင့်အောင်သစ္စာရပ်ကွက်အတွင်းရှိ ပုဂ္ဂလိကငါးသားဖောက်လုပ်ငန်းရှင် ဦးလျန်ဇအုပ်၊ ဦးရာသောနာ၊ ဦးကျော်ငွေတို့၏ ငါးသားဖောက်လုပ်ငန်းနှင့် အသားတိုးမွေးမြူထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးသည်။*

*ကလေးခရိုင်အတွင်း၌ ငါးမွေးမြူရေးကန် စုစုပေါင်း ဧက ၂၀၀ ကျော်ရှိရာ ဒေသအတွင်း ငါးသားပေါက် လိုအပ်ချက်ကို လိုသလောက်ဖြန့်ဖြူးနိုင်သည့်အပြင် မကွေးတိုင်းအထိပါ ကား၊ မီးရထားတို့ဖြင့် ဖြန့်ဖြူးလျက်ရှိသည်။ ငါးသားပေါက်များကို ဝယ်ယူလိုပါက ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနဖုန်း-၀၇၃-၂၁၁၂၀သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။*

*(ခရိုင် ပြန်/ဆက်)*



## သဘာဝမြေဩဇာစုပေါင်းထည့်သွင်းပွဲ မြဝတီ၌ ကျင်းပ

**မြဝတီ ဇွန် ၉**

မြဝတီခရိုင် မြဝတီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် အမှတ်(၃)ရပ်ကွက် ကွင်းအမှတ်(၅၃-စီ)တွင် တောင်သူ ဦးနန်အောင် လယ်ကွက်၌ ၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီမိုးစပါးစိုက်ပျိုးလယ်မြေများတွင် တစ်ဧက အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် သဘာဝမြေဩဇာစုပေါင်းထည့်သွင်းခြင်းကို မေ ၂၅ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

### တက်ရောက်

အဆိုပါ စုပေါင်းသဘာဝမြေဩဇာထည့်သွင်းပွဲသို့ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးရဲခင်အောင်၊ မြို့နယ်မန်နေဂျာ ဦးစောလှကြည်၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးရွှေတင်နှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

(၁၀၁)

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ တီးတိန်၌ ဆွေးနွေး

**တီးတိန် ဇွန် ၉**

ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင် ပြည်နယ်ဥပဒေအရာရှိ ဦးခွထီးယိုသည် ယနေ့ ညနေ ၃နာရီက တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား ဆင့်ပွားသင်တန်းများဖွင့်လှစ်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

## ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်/ဆက် စာကြည့်တိုက်ကတ်တလောက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇွန် ၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ စာကြည့်တိုက်လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် စာကြည့်တိုက်ကတ်တလောက်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး ရုပ်မြင်သံကြားခန်းမ၌ ယမန်နေ့ကကျင်းပရာ ခရိုင်နှင့်မြို့နယ် ၁၄ ရုံးမှ ဦးစီးမှူးများနှင့် စာကြည့်တိုက်လက်ထောက်(၃) ၂၈ ဦးတို့ တက်ရောက်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုက ဆောင်ရွက်ပြီး သရုပ်ပြသူအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ဆောင်ရွက်သည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**



**သာကေတမြို့နယ် (၄)ရပ်ကွက် သောက်သုံးရေချိုကန်ကြီး ပြန်လည်တူးဖော်ရန်အတွက် သာကေတစက်မှုဇုန် CAT Myanmar Tractors Ltd. မှ အလှူငွေကျပ် ၅၅၀၀၀၀ကို ကုမ္ပဏီတာဝန်ရှိသူများက ဇွန် ၄ ရက်၌ ပေးအပ်ရာ ရေကန်ပြန်လည်တူးဖော်ရေးကော်မတီနာယက ဦးစောထွန်းအောင်(ကိုကိုအောင်)၊ နာယကအဖွဲ့ဝင် ဦးဆန်းလင်းနှင့် (၄)တောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ထွန်းတို့က လက်ခံယူစဉ်။**

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။



အထွက်နှုန်းကောင်း ငွေချည်(၆)ချည်မျှင်ရှည်ဝါများ မြစ်သားမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

သတင်းခရီးသည်-မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

# သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များ စနစ်တကျထုတ်လုပ် အထွက်နှုန်းကောင်း၍ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်

နေပြည်တော် ဇွန် ၉

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိရာ နိုင်ငံအသီးသီးက တိုးတက်များပြားလာသော ယင်းတို့၏ လူဦးရေအချိုးနှင့် ကိုက်ညီစွာ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထွက်ရှိရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၃ ❐

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

## တစ်နှစ်အောက် ကလေးများအား ပျားရည် မတိုက်ကျွေးသင့်

ကောင်းမြတ်သူ - ရေးသားသည်

လန်ဒန် ဇွန် ၉



ပျားရည်တွင် ပါဝင်သော ဗက်တီးရီးယားပိုးသည် ကလေးများအတွက် အဆိပ်သင့်စေနိုင်သဖြင့် မတိုက်ကျွေးသင့်ကြောင်း သုတေသီများက သတိပေးထားသည်။

နာဖျားစေနိုင်

အသက်တစ်နှစ်အောက် ကလေးများသည် ပျားရည်တွင် ပါဝင်သော ဗက်တီးရီးယားပိုးကို ချေဖျက်နိုင်စွမ်းမရှိသဖြင့် အပြင်းအထန် နာဖျားစေနိုင်ပြီး အကြောများသေသည်အထိ ဖြစ်နိုင်ကြောင်း အစားအစာ အဆင့်အတန်းသတ်မှတ်ရေးအေဂျင်စီက သတိပေးထားသည်။

အဆိုပါပျားရည်တွင်ပါဝင်သော ဗက်တီးရီးယားပိုးသည် မြေကြီးမှ ဖုန်မှုန့်များအတွင်း ရောက်ရှိကာ ပျားအုံသို့ ရောက်ရှိစေလျက်ရှိသည်။ ယင်းဗက်တီးရီးယားပိုးသည် ကလေးများ၏ ဝမ်းဗိုက်အူလမ်းကြောင်းအတွင်း ကြီးထွားလာပြီး အဆိပ်အတောက်ဖြစ်စေနိုင်ကြောင်း သုတေသီများက တွေ့ရှိထားသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းအညွှန်း

**အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။**